

(၇၃) နှစ်မြောက်

# အာဇာနည်နေ့

## အမှတ်တရ

၁၉ ဇူလိုင် ၁၉၄၇ - ၁၉ ဇူလိုင် ၂၀၂၀

(၇၃)နှစ်မြောက်

# အာဇာနည်နေ့ အမှတ်တရ

၁၉ ဇူလိုင် ၁၉၄၇ – ၁၉ ဇူလိုင် ၂၀၂၀

ပြန်ကြားရေးဝန်ကြီးဌာနက အခမဲ့ထုတ်ဝေဖြန့်ချိသည်

ပုံနှိပ်ခြင်း
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ
အုပ်ရေ (၅၀၀၀၀)

**အတွင်းသရုပ်ဖော်**

မုတ်သုံ

**မျက်နှာဖုံး**

သက်ခိုင်ဂင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနတွင် ပုံနှိပ်သည်။

(၇၃)နှစ်မြောက်

# အာဇာနည်နေ့ အမှတ်တရ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ | ၄ |
| ၂။ | ဗိုလ်ချုပ်အောင်ဆန်း(၁၉၁၅–၁၉၄၇) | ၁၁ |
| ၃။ | ဒီးဒုတ်ဦးဘချို(၁၈၉၃–၁၉၄၇) | ၂၁ |
| ၄။ | သခင်မြ(၁၈၉၇–၁၉၄၇) | ၂၇ |
| ၅။ | ဦးရာဇတ်(၁၈၉၈–၁၉၄၇) | ၃၃ |
| ၆။ | ဦးဘဝင်း(၁၉ဝ၁–၁၉၄၇) | ၃၉ |
| ၇။ | မန်းဘခိုင်(၁၉ဝ၃–၁၉၄၇) | ၄၅ |
| ၈။ | မိုင်းပွန်စော်ဘွား စဝ်စံထွန်း(၁၉ဝ၇–၁၉၄၇) | ၅၁ |
| ၉။ | ဦးအုန်းမောင်(၁၉၁၃–၁၉၄၇) | ၅၇ |
| ၁ဝ။ | ရဲဘော်ကိုထွေး(၁၉၂၉–၁၉၄၇) | ၆၁ |
| ၁၁။ | ၁၃ ဇူလိုင်လ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး၌ နောက်ဆုံးပြောကြားသော ဖဆပလ ဥက္ကဋ္ဌ ဦးအောင်ဆန်း၏ မိန့်ခွန်း ကောက်နုတ်ချက် | ၆၂ |
| ၁၂။ | အာဇာနည်ဗိမာန် ( သခင်ကိုယ်တော်မှိုင်း ) | ၇ဝ |
| ၁၃။ | ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်၏ အမှာစကား | ၇၂ |
| ၁၄။ | အာဇာနည်နေ့ (ဒီစကား ၆၈) ( ဒေါ်အောင်ဆန်းစုကြည် ) | ၇၄ |
| ၁၅။ | ဂန္ဓီမြင်သော ဂျင်နရယ်အောင်ဆန်း | ၇၇ |
| ၁၆။ | အာဇာနည်ခေါင်းဆောင်များကျဆုံးပြီး ထုတ်လွှင့်သည့် သခင်နု မိန့်ခွန်း | ၇၈ |
| ၁၇။ | ပြောလိုက်ပါဘိ ဟောပါဘိ ( ဇော်ဂျီ ) | ၈၂ |
| ၁၈။ | အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့ ( တင်မိုး ) | ၈၃ |
| ၁၉။ | ဘဝပုံသဏ္ဌာန်နှင့် ပထမအရွယ် ( ဒဂုန်တာရာ ) | ၈၄ |


■ ■ ■

# ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့

မိုးသည် ရွာချည် စဲချည် ရှိခဲ့ပြီး၊ မိုးလုံးပတ်လည် အုံ့ဆိုင်းညို့မှိုင်းနေသော နံနက်ခင်းသည်ကား မြန်မာ့ရာဇဝင်တွင်သာမက ကမ္ဘာ့ရာဇဝင်မှာပင် မှတ်တမ်းတင်ထားရမည့် ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကြီးတစ်ခုကို စောင့်မျှော်နေဘိသကဲ့သို့ ရှိလေ၏။

ထိုနေ့က အတွင်းဝန်များရုံး၌ ဘုရင်ခံ၏ အမှုဆောင်အစည်းအဝေး ရှိလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် ဒုတိယ သဘာပတိ ဖြစ်သည်။ သို့ရာတွင် အောင်ဆန်း-အက်တလီစာချုပ် လက်မှတ်ရေးထိုးကြပြီးသည့်နောက်ပိုင်း၌ သဘာပတိဖြစ်သူ ဘုရင်ခံသည် အစည်းအဝေးများသို့ တက်ရောက်ခြင်း မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် မုချလွတ်လပ်ရေးရတော့မည် ဖြစ်ရာ မြန်မာ့တိုင်းရေးပြည်ရာတွင် ဗြိတိသျှအာဏာပိုင်များက ဝင်ရောက်ခြယ်လှယ်ခြင်း မပြုတော့ပါဟူသော သဘောကို ပြလိုသောကြောင့်တည်း။

ထိုသို့ဖြင့် အတွင်းဝန်များရုံး၌ ကျင်းပသော အမှုဆောင်အစည်းအဝေးတိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းပင် သဘာပတိအဖြစ် ဆောင်ရွက်ရမြဲဖြစ်လေသည်။ ထိုနေ့ကလည်း ဗိုလ်ချုပ်သည် ဘုရင်ခံ၏အမှုဆောင်အစည်းအဝေးသို့ သဘာပတိအဖြစ် တက်ရောက်ရန် အဝတ်အစားဝတ်နေ၏။ ဗိုလ်ချုပ်သည် ထိုနေ့က စစ်ဝတ်စစ်စားကို မဝတ်။ ဘန်ကောက်လုံချည် သနပ်ခါးရောင်၊ မန္တလေးပိုးတိုက်ပုံအင်္ကျီ၊

သဲကြိုးအဖြူရောင် လေယာဉ်ပျံဖိနပ်ကို ဝတ်သည်။ အိမ်မှအထွက်တွင် သမီးကလေး မမစုကို ယုယပိုက်ထွေးခဲ့သေး၏။

နံနက် ၁၀ နာရီသာသာခန့်တွင် တာဝါလိမ်းမြကြီးထဲမှ ဝူစလီကားကြီးထွက်လာလေသည်။ ကားပေါ်တွင်ကား ဖဆပလအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ၊ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်၊ ဘုရင်ခံ၏အမှုဆောင်အဖွဲ့ ဒုတိယသဘာပတိ၊ အတိုင်ပင်ခံအစိုးရအဖွဲ့၏ခေါင်းဆောင်ဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တည်ငြိမ်စွာ လိုက်ပါလာလေသည်။

ကျောင်းသားဘဝ၊ သခင်ဘဝ၊ ဂျပန်ခေတ် ဗမာ့တပ်မတော် စစ်သေနာပတိချုပ်ဘဝ၊ တော်လှန်ရေးခေါင်းဆောင်ကြီးဘဝ၊ လူထုခေါင်းဆောင်ကြီးဘဝ စသည်ဖြင့် ဘဝသက်တမ်းတစ်လျှောက်လုံး "မြန်မာနိုင်ငံလွတ်လပ်ရေး ရရမည်"ဟူသော ရည်မှန်းချက်ကြီးဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်ခမျာမှာ စားလည်း သည်စိတ်၊ သွားလည်း သည်စိတ်၊ အိပ်လည်း သည်စိတ်၊ "လွတ်လပ်ရေး..... လွတ်လပ်ရေး...... မလွဲမသွေ မုချရရမည်" စိတ်ဓာတ်ဖြင့် မောပန်းနွမ်းလျ မျက်နှာများပင် အနည်းငယ်ချုံးကျလျက် ရှိပေသည်။

ယခု သူကားဖြင့် ဦးတည်နေသည်မှာလည်း သူ၏ ဖဆပလအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဤလွတ်လပ်ရေးကိစ္စကိုပင် အရေးတကြီး ဆွေးနွေးရန် အတွင်းဝန်များရုံး သူ့ရုံးခန်းရှိရာသို့ သွားနေခြင်း ဖြစ်သည်။

ဝူစလီကားကြီးပေါ်တွင် တည်ငြိမ်လေးနက်စွာ လိုက်ပါလာသော ဗိုလ်ချုပ်၏ စိတ်ထဲတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးကို ပြန်လည်ရယူရန်ကား မလွယ်ကူလှကြောင်းကို စဉ်းစားကောင်း စဉ်းစားနေပေလိမ့်မည်။

သူသည် ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက် အသက် ၂၆ နှစ်သားအရွယ် လောက်တွင် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲသည် ပြည်ပ အင်အားနှင့်ပြည့်စုံသော နိုင်ငံတစ်ခုခု၏ အကူအညီကိုမရလျှင် မအောင်မြင်နိုင်ကြောင်းကို သဘောပေါက်မိသည့်အတွက် မြန်မာနိုင်ငံတွင်းမှ တရုတ်လူမျိုးယောင်ဆောင်၍ ထွက်ခဲ့လေသည်။ အမွိုင်မြို့၌ ဂျပန်ကိုယ်စားလှယ်များနှင့် ဆက်သွယ်မိရာက ဂျပန်ပြည်တွင် ဗိုလ်မိုးကြိုးခေါ် ကာနယ်ဆူဇူကီးနှင့်တွေ့ပြီး ဗမာ့လွတ်လပ်ရေးကို ပူးပေါင်းတိုက်ခိုက်ရန် ပထမဆုံးအကြိမ် ဆွေးနွေးခဲ့လေသည်။

ထို့နောက် သွေးသောက်ရဲဘော် သုံးကျိပ်တို့နှင့်အတူ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းကာ ဂျပန်စစ်တပ်များ အကူအညီဖြင့် မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့လက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ သို့ရာတွင် ဂျပန်တို့ မြန်မာများကို ညှဉ်းပန်းနှိပ်စက်ကြသည်ကို တွေ့လာရသည့် အခါတွင်မူကား ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်များပေးသည့် ဟန်ဆောင်လွတ်လပ်ရေးကို လုံးဝတန်ဖိုးမထားတော့ဘဲ ဂျပန်ရုပ်သေးအစိုးရ၏ စစ်ဝန်ကြီးမျက်နှာဖုံးကိုဆောင်းကာ ဂျပန်ခားအောက်မှ အကွဲကွဲအပြားပြားဖြစ်နေသည့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များအားအောင်အောင်မြင်မြင်စည်းရုံးခဲ့လေသည်။ထို့နောက်တွင်မူ ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီ၊ ဗမာ့လက်နက်ကိုင်တပ်မတော် စသည်များကို ပူးပေါင်းစေပြီး တစ်ခုတည်းသော ယုံကြည်ချက်ဖြစ်သည့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးအတွက် ဖဆပလ အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းကာ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်များကို ပြောင်တော်လှန်ခဲ့လေသည်။

အဆိုပါ ဗမာ့တော်လှန်ရေးအောင်မြင်မှုကြီးကို မဟာမိတ်များကသာမက ကမ္ဘာတစ်ခုလုံးက ပွဲတင်ရိုက်ဟည်း ကောင်းချီးပေးခဲ့ကြ၏။ သို့ရာတွင် ဗိုလ်ချုပ်မျှော်မှန်းအားခဲထားသည့် လွတ်လပ်ရေးကြီးကိုကား မရနိုင်ခဲ့သေးချေ။ တော်လှန်ရေးကြီးပြီးခဲ့သည့်နောက် အင်္ဂလိပ်တို့၏ စက္ကူဖြူစီမံကိန်းကို ဆက်လက်တိုက်ဖျက်ကာ လုံးဝလွတ်လပ်ရေးကို ရယူရန်အတွက် လွတ်လပ်ရေးကို အပြင်းအထန်လိုလားတောင့်တနေကြသော ပြည်သူလူထုကြီးတစ်ရပ်လုံးကို လှည်းနေလှေအောင်းမြင်းဇောင်းမကျန် စည်းရုံးနိုင်ခဲ့ပြီး ဖဆပလ အမျိုးသားတပ်ပေါင်းစုကြီးကို ဖွဲ့စည်းနိုင်ခဲ့ပေသည်။ ဖဆပလ အလံတော်အောက်သို့ မြန်မာလူထုကြီးတစ်ရပ်လုံး စည်းလုံးညီညွတ်လာသော အင်အားကြီးဖြင့် ယာယီအစိုးရဖွဲ့စည်းရန် ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်ချက်ကို ရသည့်အခါတွင်မူကား ဗိုလ်ချုပ်သည် "လွတ်လပ်ရေး မရရင်ပြန်ချမယ်" ဟူသော ကြုံးဝါးချက်ဖြင့် လန်ဒန်မြို့သို့ သွားရောက်ခဲ့ပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပေသည်။

ထို့နောက် ဗိုလ်ချုပ်သည် မြန်မာတိုင်းရင်းသားအားလုံး ညီညွတ်ရေးအတွက် ရှမ်း၊ ကရင်၊ ကချင်၊ ချင်း စသည့် တိုင်းရင်းသားလူမျိုးစုများအား ပင်လုံ

ကွန်ဖရင့်ကြီးကျင်းပ၍ စည်းရုံးသိမ်းသွင်းခဲ့ပြီးနောက် "တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေရမယ်" ဆိုသော ကတိပြုချက်ဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီး၌ သူ၏ ဖဆပလ အဖွဲ့ဝင် အမတ်အားလုံးကို အနိုင်ရရှိစေခဲ့သည်။

ယခု အတွင်းဝန်များရုံး ဖဆပလ အတိုင်ပင်ခံအစိုးရအဖွဲ့ အစည်းအဝေးသို့ ကားဖြင့်သွားနေစဉ်တွင် ဗိုလ်ချုပ်သည် အထက်ပါ သူ၏ကြိုးပမ်းမှုများကို ပြန်လည် စားမြုံ့ပြန်မိရင်း "တစ်နှစ်အတွင်း လွတ်လပ်ရေး ရစေရမယ်" ဟူသော ကတိကို အကောင်အထည် မည်သို့ဖော်ရမည်ကို စဉ်းစားလာပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးကိုသာ အချိန်မလပ်စဉ်းစား ကြံစည်နေသူ ဖြစ်သောကြောင့်လည်း ထိုအချိန် ထိုအခါသမယက သူ၏ အသက် အန္တရာယ်ကို တိုင်းပြည်သစ္စာဖောက်လူတစ်စုက သဲသဲမဲမဲ ကြိတ်၍ အကြံကြီး ကြံစည်နေကြသည်ကို လုံးဝဂရုမစိုက်ခဲ့မိချေ။ ထိုကဲ့သို့ ကြံစည်နေကြခြင်းကို ဗိုလ်ချုပ်မသိ၍တော့မဟုတ်။ ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများအား သတ်ဖြတ်ရန် ကြံစည်နေကြကြောင်း အစီရင်ခံစာတွေ အကြိမ်ကြိမ်ရခဲ့ဖူးသော်လည်း ဗိုလ်ချုပ်က "ကျွန်တော်တို့လို စေတနာသန့်သန့်ရှင်းရှင်းနဲ့ အဘက်ဘက်က စင်ကြယ်တဲ့လူ တွေကို သတ်မယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့ကိုသတ်ရင် တစ်နိုင်ငံလုံးက အုံကြွပြီး သူတို့ကို မသတ်ဘဲနေပါ့မလား။ ကျွန်တော်တို့က လူထုအစိုးရပါ" ဟု ပြန်ပြောခဲ့ဖူး၏။

ဗိုလ်ချုပ်သည် တိုင်းပြည်အပေါ်ဝယ် ထားရှိသော မိမိစေတနာကို ယုံကြည်သူ ဖြစ်ရာ မိမိအသက်ကို မကြံစည်တန်ရာဟူ၍ ယုံမှတ်ခဲ့လေသည်။ သို့သော် ဗိုလ်ချုပ်က တိုင်းပြည်ကို သစ္စာရှိသလောက် တိုင်းပြည်ကိုသစ္စာမဲ့တဲ့ သူတို့လည်း ရှိလေသည်။ ထိုသူတို့သည် လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ဗိုလ်ချုပ်ကို ချေမှုန်း သတ်ဖြတ်လိုကြသည်။ သဲကြီးမဲကြီးကြိတ်၍ ကြံစည်ခဲ့ကြသည်။

ဗိုလ်ချုပ် အစည်းအဝေးသို့ ရောက်ရှိချိန်နှင့် မရှေးမနှောင်းမှာပင် အင်းလျား ကန်စောင်း အေဒီလမ်းထဲမှ မောင်းထွက်လာသော အာစီ ၁၈၁၄ အမှတ်တပ် အစိမ်းရောင် ဂျစ်ကားတစ်စီးသည် အတွင်းဝန်များရုံးဘက်ဆီသို့ ဦးတည်မောင်းနှင် လာလေသည်။ အဆိုပါ ဂျစ်ကားထဲတွင် ဂဠုန်ဦးစော၏ ဩဇာခံဖြစ်သော လူသတ် သမားငါးဦးတို့ စီးနင်းလိုက်ပါလာကြ၏။ သူတို့သည် မိုးကာအင်္ကျီ ကိုယ်စီ

ခြံထားကြပြီး အတုန်လှုပ်ဆုံးမျက်နှာများနှင့် သူတို့သွားမည့်နေရာကို စိတ်စော နေကြပုံရ၏။ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ရိုင်းစိုင်းခြင်းတည်းဟူသော လက္ခဏာ ဆိုးများ ယှက်သန်းနေသည်။ သူတို့ မျက်နှာထားများမှာလည်း ပိုမိုခက်တရော်နေ၏။

စောစောက တဖွဲဖွဲရွာ စွေနေသောမိုးသည် တစ်စတစ်စနှင့် သည်းထန်လာ လေပြီ။

အကယ်စင်စစ် မြေအစ မိုးအဆုံး ညှိုးချုံး ရိုက်ဟည်း ငိုညည်းသံဝေရမည့် အချိန်သို့ ရောက်လုနီးလာပြီ ဖြစ်သတည်း။

ဤကဲ့သို့ အစိမ်းရောင်ဂျစ်ကားဖြင့် လူသတ်သမားငါးဦးတို့က အတွင်းဝန် များရုံးဘက်သို့ ရှေးရှုလာနေကြစဉ်အချိန်မှာပင် အတွင်းဝန်များရုံးထဲရှိ ဗိုလ်ချုပ် အောင်ဆန်း၏ အစည်းအဝေးခန်းမထဲ၌လည်း ဗိုလ်ချုပ်နှင့်တကွ အပေါင်းပါ ခေါင်းဆောင်ကြီးများသည် အမှုဆောင်အဖွဲ့ ဝန်ကြီးများအစည်းအဝေးကို စတင်ကျင်းပ နေဆဲဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်း၏ အစည်းအဝေးခန်းမဆောင်သည် အတွင်းဝန်များ ရုံး၏ အနောက်ဘက်ဆောင်တွင်ရှိသည်။ အစည်းအဝေးစားပွဲသည် ခန်းမဆောင်၏ တောင်ဘက်ကျကျတွင်ရှိသည်။ ဗိုလ်ချုပ်သည် စားပွဲထိပ်၌ နေရာယူပြီး ဗိုလ်ချုပ်၏ ဘယ်ဘက်တွင် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့ ထိုင်ကြသည်။ ညာဘက်တွင် သခင်မြ၊ ဦးရာဇတ်၊ ဦးဘဝင်း၊ ဦးဘချို တို့ထိုင်ကြသည်။အမှုဆောင်အဖွဲ့၏အတွင်းဝန် ဦးရွှေဘော်၊သယ်ယူပို့ဆောင်ရေးဌာန ဒုအတွင်းဝန် ဦးအုန်းမောင်တို့လည်း အစည်းအဝေး၌ကူညီရန် အဆင်သင့်ရှိကြသည်။

အစည်းအဝေးစားပွဲကြီးမှာ စားပွဲရှည်သုံးခုကို ထောင့်ချိုး(ဂ)ပုံသဏ္ဍာန် သုံးဖက်ပိတ်၍ တစ်ဖက်ဖွင့်ပြီး ဆက်ထားခြင်းဖြစ်၏။ ထိပ်ဆုံးစားပွဲ၏အလယ်၌ ဗိုလ်ချုပ်အောင်ဆန်း နေရာယူထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်၏ ဘယ်ဘက်တွင် ထိုင်နေသော လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာန ဝန်ကြီး ဦးဘဂျမ်းသည် ဗိုလ်ချုပ်မျက်နှာကို မကြာခဏ အကဲခတ်လျက်ရှိ၏။ ထိုနေ့က ဝန်ကြီး ဦးဘဂျမ်းသည် နေထိုင်မကောင်းလျက်နှင့် သတင်းထူးတစ်ခုကို ဝန်ကြီးများ အစည်းအဝေးတွင် တင်ပြချင်လွန်းသဖြင့် ကြိုးစား၍ တက်ရောက်လာခြင်းဖြစ်၏။

ထိုသတင်းထူးကား အခြားမဟုတ်၊ ဂဠုန်ဦးစောတို့အဖွဲ့သည် ဘရင်းဂန်း အလက် ၂ဝဝ ကို စစ်တပ်မှ မလိမ့်တပတ်လုပ်၍ ထုတ်ယူသွားပြီး လက်နက်ဖြင့် အာဏာသိမ်းရန် ကြံစည်နေသည့် သတင်းပင်တည်း။ ဝန်ကြီး ဦးဘဂျမ်းသည် ထိုနေ့က အစည်းအဝေး၌ ထိုသတင်းကို ဖွင့်ပြောမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်၏။ သို့သော် သူ၏အကြံအစည်မှာ နောက်ကျသွားလေပြီ။

အတွင်းဝန်များရုံးမှ နာရီသည် ၁ဝ နာရီခွဲတွင် ပြလျက်ရှိပြီ။ ထိုအချိန်မှာပင် အမှတ် ၁၂ တပ်မတော်ယူနီဖောင်းအစိမ်း၊ ခြသေ့်ပခုံးချိတ်၊ တောဆောင်း ဦးထုပ်ပျော့ ဆင်ထားသော လက်နက်ကိုင် လူ ၄ ယောက်တို့သည် အော်တိုမက်တစ် မောင်းပြန်စစ်သေနတ်များကို အဆင်သင့်ကိုင်လျက် ဗိုလ်ချုပ်တို့ အစည်းအဝေးခန်းမထဲသို့ လှေကားမှ အပြေးတက်လာကြ၏။ ထို့နောက် အခန်းတွင်းသို့ ဝင်မည်ပြုသည်။ မင်းစေ မောင်သောင်းဖေက အခန်းဝမှတား၏။ လက်နက်ကိုင် လူသတ်သမားတို့၏ မျက်နှာများသည် သုန်မှုန်နေသည်။ မင်းစေကို သေနတ်နှင့် ချိန်သည်။ တွန်းဖယ်ပစ်သည်။ ထို့နောက် အစည်းအဝေးခန်းတံခါးကို တွန်းဖွင့်၍ အခန်းတွင်းသို့ ဇွတ်အတင်း ပြေးဝင်သွားကြ၏။

ဗိုလ်ချုပ်သည် လူသတ်သမားများကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဖြုန်းခနဲထ၍ မတ်တပ်ရပ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သေနတ်သံများ တစ်ခဲနက် ဆူညံသွားကာ ကျည်ဆန်တို့သည် အစည်းအဝေးခန်းအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီး ၆ ဦးတို့၏ ကိုယ်တွင် အနှံ့အပြား ဖောက်ထွင်းဝင်ကုန်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လူမသမာတို့ ပစ်ခတ်လိုက်သော သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် ထိုနေ့ ထိုနေရာမှာပင် ကျဆုံးခဲ့ရလေသည်။

ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများသည် သူတို့ရည်မှန်းခဲ့သော လွတ်လပ်ရေးကြီးကို သူတို့ အသက်သွေးဖြင့် စတေး၍ ပေးအပ်ခဲ့ခြင်းပင်ဖြစ်သတည်း။

*ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့။*

*ရန်ကုန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ထိန်းသိမ်းရေးကော်မတီ၊ ၁၉၆၇။ စာ ၃–၁ဝ*

■ ■ ■



# ဗိုလ်ချုပ်အောင်ဆန်း

(၁၉၁၅ – ၁၉၄၇)

---

မြန်မာ့လွတ်လပ်ရေးကို နောက်ဆုံး ဦးဆောင်အရယူပေးခဲ့သည့် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် မော်ကွန်းထိုးခံရသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(တကသ) ဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ) ဥက္ကဋ္ဌ၊ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး၊ ဗမာ့ထွက်ရပ်ဂိုဏ်း အထွေထွေအတွင်းရေးမှူး၊ ဂျပန်စစ်ပညာသင် ရဲဘော်သုံးကျိပ်ခေါင်းဆောင်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ) စစ်သေနာပတိ၊ စစ်ဝန်ကြီး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်ရေးခေါင်းဆောင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) ဥက္ကဋ္ဌ၊ ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီ ဒုတိယဥက္ကဋ္ဌ(ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင်)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်အဖြစ် ပြည်မနှင့်တောင်တန်း တညီတညွတ်တည်း လွတ်လပ်ရေးယူမည့် သမိုင်းဝင် "ပင်လုံစာချုပ်"၊ မြန်မာ့လွတ်လပ်ရေး၏အခြေခံအုတ်မြစ် "အောင်ဆန်း – အက်တလီစာချုပ်" တို့ကို ဦးဆောင်လက်မှတ်ရေးထိုးခဲ့သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းသမိုင်းပါမောက္ခ ဂျီ၊ အိပ်ချ်၊လူ့စ်က "မြန်မာ့သမိုင်းတွင် ကျန်စစ်သားနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လက်နက်အင်အားမပါဘဲ ပထမဆုံး စွမ်းဆောင်

ပေးခဲ့သူ”ဟု ဗိုလ်မှူးဘရှင်၏ “မြန်မာနိုင်ငံတော်သမိုင်း” (၁၉၄၈)အမှာ၌ မှတ်တမ်းတင်ခဲ့သည်။ လွတ်လပ်ရေးအတွက် တစ်ခုတည်းသောစိတ်ဖြင့် ကိုယ်ကျိုးစွန့် ကြိုးပမ်းခဲ့သော်လည်း စစ်ပြီးစ ခေတ်ပြိုင် စီနီယာနိုင်ငံရေးသမားတစ်ဦး၏ “ဂျပန်အဝင် လူသတ်မှုတစ်ခုကို ကိုယ်တိုင် ကျူးလွန်ခဲ့သူ”ဟု လူသိရှင်ကြား စွပ်စွဲခံရသည်။ ထိုစွပ်စွဲချက်ကို “ကျွန်ုပ်၏လိပ်ပြာကား လုံးဝသန့်ရှင်းလျက်ရှိသည်။ ကျွန်ုပ်၏ လိပ်ပြာတည်းဟူသော ကိုယ်စောင့်နတ်ရှေ့တွင် ကျွန်ုပ်သည် အမြဲအားဖြင့် စေ့စေ့ ကြည့်ကာတည့်တည့်ဖြေဆိုနိုင်သည်။ ကျွန်ုပ်တို့အား ပုတ်ခတ်စွပ်စွဲသူများသည် မိမိတို့၏လိပ်ပြာကိုယ်စောင့်နတ် တရားခုံတွင် ရှေးဦးစွာ မိမိတို့ကိုယ်ကို မိမိတို့ အစစ်ဆေးခံပြီးမှ သူတစ်ပါးတို့အား စွပ်စွဲကြရန် အကြံပေးလိုသည်” ဟူသော ကိုယ်တိုင်ဖြေရှင်းချက်ကို ၁၉၄၆ ခု၊ ဧပြီလ ၁၂ ရက် သတင်းစုံဂျာနယ်၌ မှတ်တမ်းတင်ထားသည်။ ထိုသို့ လွတ်လပ်ရေး ရအံ့ဆဲဆဲ ပန်းတိုင်အဝင် နိုင်ငံ့တာဝန် ထမ်းဆောင်နေစဉ် မသမာသူ အကြမ်းဖက်လူတစ်စု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသည်။ ဤကြေကွဲဖွယ် ဖြစ်ရပ်ကြီးကို တို့ဗမာအစည်းအရုံးနာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်းက… အာဇာနည်ဗိမာန် ပုထိုးကိုဖြင့် ပါရမီ အဓိဋ္ဌာန်တစ်မျိုးရယ်နှင့် ရှိခိုးကာ ဆရာ ကန်တော့ချင်ပါရဲ့ … ဟု ဖွဲ့ဆိုခဲ့ပါသည်။

## မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် စနေနေ့တွင် မကွေးခရိုင်၊ နတ်မောက်မြို့၊ တောင်ရွာကြီး၌ မွေးဖွားသည်။ အဖ ရှေ့နေ ဦးဖာ၊ မိခင် ဒေါ်စုဖြစ်သည်။ မွေးချင်း ၉ ယောက်တွင် အငယ်ဆုံးဖြစ်ပြီး ဇာတာအမည် ထိန်လင်းဖြစ်သည်။ အစ်ကိုဖြစ်သူ အောင်သန်း အမည်လိုက်ကာ "အောင်ဆန်း"ဟုတွင်သည်။ မိခင်ဘက်က အဘိုးမှာ မြို့လုလင်သူကြီး ဦးမင်းရောင်ဖြစ်သည်။ ပါတော်မူစဉ်က နတ်မောက် မြို့လုလင်မှ "ရွှေလရောင်"အမည်ဖြင့် ဗြိတိသျှနယ်ချဲ့တို့ကို ခုခံခဲ့သူ မျိုးချစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

အသက် ၈ နှစ်တွင် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက် ဘကြီးဘုန်းကြီး ဦးသောဘိတ၏ မြန်မာစာသင်ကျောင်း၌ စတင်ပညာသင်ယူသည်။ ၁၃ နှစ်တွင် အစ်ကိုကြီး ဦးဘဝင်း (အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း)ရှိရာ ရေနံချောင်းမြို့ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။ ၁၉၃၀ ပြည့်နှစ် အစိုးရစစ် သတ္တမတန်းစာမေးပွဲတွင် တစ်နိုင်ငံလုံး နဝမ၊ ဗုဒ္ဓဘာသာစာသင်ကျောင်းများနှင့် အမျိုးသားကျောင်းများ၌ ပထမရသည်။ ဦးရွှေခိုဆု ချီးမြှင့်ခံရသည်။ အစိုးရ စကောလားရှစ် ပညာသင်ဆု တစ်လ ၁၀ ကျပ် သုံးနှစ်ဆက်တိုက်ရသည်။ ၁၉၃၂ ခုနှစ် ဆယ်တန်းစာမေးပွဲတွင် မြန်မာစာ၊ ပါဠိ ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်သည်။

၁၉၃၂-၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်သင်ယူသည်။ ၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၃၇-၃၈ ခုနှစ်တွင် ဥပဒေပညာဆက်လက် ဆည်းပူးသည်။ တက္ကသိုလ်ပညာသင်ယူနေစဉ် ၁၉၃၅-၃၆ ခုနှစ်တွင် တကသ အမှုဆောင်၊ ပြန်ကြားရေးတာဝန်ခံ၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၃၆-၃၇ ခုနှစ်တွင် တကသ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးဆောင် သဟာယနှင့်စာဖတ်အသင်း ဥက္ကဋ္ဌ၊ ၁၉၃၇-၃၈ ခုနှစ်တွင် တကသ အရန်အလုပ်အမှုဆောင်၊ ဗကသ ဥက္ကဋ္ဌ၊ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ အထိ တကသ ဥက္ကဋ္ဌနှင့် ဗကသ ဥက္ကဋ္ဌ တာဝန်များထမ်းဆောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဥပစာတန်း ပညာသင်နေစဉ် ၁၉၃၃ ခုနှစ် ဂန္ထလောကမဂ္ဂဇင်း ဘာသာပြန်ပြိုင်ပွဲ အမှတ် ၄၁ တွင် "ပဲခူးကဝေ" အမည်ဖြင့် ဘာသာပြန်ဆုရခဲ့သည်။ မူရင်းစာမှာ လန်ဒန်တက္ကသိုလ် နိုင်ငံရေးသိပ္ပံနှင့် ဘောဂဗေဒပညာရှင် ဟာရိုဂျေလက် စကီ၏ စာဖြစ်သည်။ ၁၉၃၅ ခုနှစ်၊ မေလနှင့် ဇူလိုင်လ ဂန္ထလောကမဂ္ဂဇင်း အင်္ဂလိပ်စာ

ကဏ္ဍတွင် အမည်ရင်းဖြင့် ကျောင်းများ၌ တူညီဝတ်စုံဝတ်သင့်ကြောင်း ဆောင်းပါး ရေးသားသည်။ ပန်းတနော်ဦးသန့်၏ ဂန္ထလောကမဂ္ဂဇင်း အင်္ဂလိပ်စာကဏ္ဍပါ" ကျောင်းများတွင် ကျောင်းသားများ လွတ်လပ်စွာ ဝတ်စားဆင်ယင်သင့်ကြောင်း" ဆောင်းပါးကိုပြန်လည်ဝေဖန်ခြင်းဖြစ်သည်။ သူရိယမဂ္ဂဇင်းတွင်လည်း "အညာသားလေး" အမည်ဖြင့် "မင်းကြီး ဦးမင်းရောင်"ဆောင်းပါး ရေးသားခဲ့သည်။

၁၉၃၆ ခုနှစ် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ် မဂ္ဂဇင်းပါ "Hell Hound at Large" (ငရဲခွေးကြီး လွတ်နေပြီ) ပေးစာရေးသူအမည်ကို ထုတ်ဖော်ပြောရန် ငြင်းဆန်သဖြင့် ကျောင်းထုတ်ခံရသည်။ သမဂ္ဂ ဥက္ကဋ္ဌ ကိုနုနှင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း ကျောင်းထုတ်ခံရသည့်အတွက် ၁၉၃၆ ကျောင်းသား သပိတ်ပေါ်ပေါက်လာသည်။ သပိတ်တွင် သပိတ်မှောက် ကျောင်းသားများကောင်စီ ပြန်ကြားရေးတာဝန်ခံအဖြစ် တာဝန်ယူခဲ့သည်။ သပိတ်မှောက်ပြီး ၁၉၃၆ ခုနှစ်၊ မေလ ၈ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ဗကသ တည်ထောင်ရာ တည်ထောင်သူတစ်ဦး အဖြစ် ပါဝင်ခဲ့သည်။

၁၉၃၇ ခုနှစ်၊ မေလ ၉ ရက်မှ ၁၀ ရက်အထိ မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်း ကျောင်း၌ ဒုတိယအကြိမ် ဗကသ ညီလာခံ ကျင်းပရာ သဘာပတိအဖြစ် ဆောင်ရွက် သည်။ အိန္ဒိယ ကွန်ဂရက်ပါတီခေါင်းဆောင် ဂျဝါဟာလာနေရူးနှင့် သမီးအင်ဒီရာတို့ ညီလာခံတက်ရောက်ကြသည်။ ညီလာခံက ဗကသ ဥက္ကဋ္ဌတာဝန်နှင့် တက္ကသိုလ် အက်ဥပဒေပြင်ဆင်ရေးကော်မတီ ဆော်သြသူအဖြစ် ခန့်အပ်ခဲ့သည်။ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဝတ်လုံတော်ရ ဦးကျော်မြင့်၊ အဖွဲ့ဝင်အဖြစ် အမ်အေ ရာရှစ်၊ သခင် သိန်းမောင်၊ နယူးဘားမား ဦးတင်မောင်တို့ ပါဝင်သည်။ "ဆော်သြသူ အောင်ဆန်း" အမည်နှင့် "တက္ကသိုလ်ကျောင်းသားများသမဂ္ဂအသင်းမှ ခန့်အပ်ထားသော တက္ကသိုလ် ပြင်ဆင်ရေးကော်မတီ၏ မှတ်တမ်း" Memorandum on the Report of the University Act Enquiry Committee ကို အင်္ဂလိပ် – မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

၁၉၃၇–၃၈ ခုနှစ် ဥပဒေတန်းတက်စဉ် နယူးဘားမား အင်္ဂလိပ်သတင်းစာ၌ အချိန် ပိုင်း အယ်ဒီတာအဖြစ် သတင်းစာခေါင်းကြီးများ ရေးသားသည်။ ၁၉၃၈ ခုနှစ် နွေရာသီ ကျောင်းပိတ်ရက် ဧပြီ ၂၄ နှင့် ၂၅ တွင် ပုသိမ်မြို့၌ ကျင်းပသော တတိယအကြိမ် ဗကသ ညီလာခံကို တက်ရောက်သည်။ ဩဂုတ်လ ပထမနှစ်ဝက် ကျောင်းပိတ်ရက် တွင် ဥပဒေတန်းကို စွန့်၍ ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့သည်။ စက်တင်ဘာလတွင် "တိုင်းပြည်အကျိုး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် တက္ကသိုလ်မှ ထွက်ခဲ့

ကြောင်း" သတင်းစာများ၌ ကြေညာခဲ့သည်။ အောက်တိုဘာလတွင် ကိုနုနှင့်အတူ တို့ဗမာအစည်းအရုံးဝင်၍ သခင်အမည်ခံယူသည်။ သခင်ကိုယ်တော်မှိုင်း၏ အမိန့်ဖြင့် တို့ဗမာအစည်းအရုံး ဌာနချုပ်အလုပ်အမှုဆောင်၊ ဝါဒဖြန့်ချိရေးတာဝန်ခံ ဖြစ်လာသည်။

၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် တကသနှင့် ဗကသ ဥက္ကဋ္ဌရာထူး နှစ်ရပ်ကို စွန့်လွှတ်သည်။ နိုဝင်ဘာ ၂၆ ရက်တွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်း ရေးမှူးအဖြစ် တာဝန်ပေးအပ်ခံရသည်။ ၁၉၃၉ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး ဖွဲ့စည်းခဲ့ရာ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တို့ဗမာအစည်းအရုံး ဌာနချုပ် အလုပ်အမှုဆောင်များနှင့်အတူ အရေးပေါ် လုံခြုံရေးဥပဒေအရ သီတင်းနှစ်ပတ်ဖမ်းဆီးခံရသည်။ ၁၉၃၉ ခုနှစ်၊ ဧပြီလ ၇ ရက်မှ ၁၀ ရက်အထိ မော်လမြိုင်တွင် ကျင်းပသော စတုတ္ထအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးညီလာခံတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ညီလာခံက ဌာနချုပ်အလုပ်အမှုဆောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်သည်။ မှတ်တမ်းတင်သူ သခင်အောင်ဆန်း အမည်ဖြင့် " မော်လမြိုင်ညီလာခံ သဘင် မှတ်တမ်း"ကို တို့ဗမာအစည်းအရုံးက ထုတ်ဝေသည်။

ညီလာခံအပြီး ဇွန်လတွင် ဌာနချုပ်အလုပ်အမှုဆောင်များနှင့် ညှိနှိုင်း၍ "တို့ဗမာ ဝါဒနှင့် စည်းမျဉ်း"ကို ပြန်လည်ရေးဆွဲသည်။ ဇူလိုင်လတွင် တို့ဗမာအစည်းအရုံး နိုင်ငံ ခြားဆက်သွယ်ရေးတာဝန်ခံအဖြစ် ပူးတွဲဆောင်ရွက်သည်။

၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် ရန်ကုန်မြို့၊ မြေနီကုန်း၊ မြေနုလမ်း၊ အမှတ် ၁၄ ကိုဗဟိန်းနေအိမ်၌ သခင်လှဖေ (ဗိုလ်လက်ျာ)၊ ကိုဗဟိန်း၊ ရဲဘော်နတ်(ဂ်)၊ သခင်စိုးတို့နှင့်အတူ "ဗမာပြည်ကွန်မြူနစ်ပါတီ"ကို လျှို့ဝှက်ဖွဲ့စည်းပြီး အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဗမာ့ထွက်ရပ်ဂိုဏ်း အထွေထွေအတွင်းရေးမှူး၊ နိုဝင်ဘာ ၁၈ ရက်တွင် မြေအောက် တော်လှန်ရေးအဖွဲ့ (နောင် ပြည်သူ့အရေးတော်ပုံပါတီ)၏ နိုင်ငံခြားဆက်သွယ်ရေး တာဝန်ခံအဖြစ် ဆောင်ရွက်သည်။

၁၉၄၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်တွင် အိန္ဒိယကွန်ဂရက်ပါတီ၏ ဖိတ်ကြားချက်အရ သခင်တင်မောင်(ပန်းတနော်)၊ သခင်သန်းထွန်း၊ သခင်ခင်အောင်၊ သခင်အုန်းဖေ (ဝါးခယ်မ)၊ သခင်အုန်းမြင့်တို့ ပါဝင်သော တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့ ကို ဦးဆောင်၍ အိန္ဒိယနိုင်ငံ ရမ်းဂါးညီလာခံ တက်ရောက်ခဲ့သည်။ ညီလာခံအပြီး

ပြည်နယ်အချို့ကို လေ့လာရေးခရီးဆက်ထွက်၍ အိန္ဒိယ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးသည်။ မေလ ၁ ရက်တွင် ရန်ကုန် ပြန်ရောက်သည်။

၁၉၄၀ ပြည့်နှစ် မေလ ၁၁ ရက်နှင့် ၁၂ ရက် သာယာဝတီမြို့တွင် ကျင်းပသော ပဋ္ဌမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးညီလာခံ၌ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ညီလာခံက ဌာနချုပ်အမှုဆောင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်လက်တာဝန်ပေးအပ်သည်။ ဇွန်လ ၅ ရက်တွင် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့၌ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ကိုယ်စားလှယ်အဖြစ် ပထမဆုံး ရွေးချယ်တင်မြှောက်ခံရသည်။ ဇွန်လ ၁၅ ရက်တွင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် တက္ကသိုလ်သမဂ္ဂခန်းမ၌ မိန့်ခွန်းပြောသည်။

၁၉၄၀ ပြည့်နှစ် ဇွန်လ ၂၉ ရက်တွင် ဟင်္သာတစီရင်စု ရာဇဝတ်ဝန်ဇေဗီးယား (D.W Harrison Xavier) က သခင်အောင်ဆန်းအား ဟင်္သာတစီရင်စု၊ ဇလွန်မြို့နယ်၊ ဒေါင့်ကြီးရွာ ဇွန်လ ၁ ရက် ညတရားပွဲ၌ အစိုးရကို အကြည်ညိုပျက်ရန် ဟောပြောမှုအတွက် ရာဇသတ်ပုဒ်မ ၁၂၄(က)အရ ဆုငွေ ၅ ကျပ် ဝရမ်းထုတ်ခဲ့သည်။ အဖမ်းမခံဘဲ တိမ်းရှောင်နေစဉ် တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ နိုင်ငံခြား အကူအညီရှာရန် သခင်လှမြိုင်(ဗိုလ်ရန်အောင်)နှင့်အတူ ဩဂုတ်လ ၈ ရက် တွင် ရန်ကုန်ဆိပ်ကမ်းမှ တရုတ်နိုင်ငံအမွိုင်သို့ နော်ဝေပိုင် ဟိုင်လီသင်္ဘောဖြင့် လျှို့ဝှက်ထွက်ခွာခဲ့သည်။ ဩဂုတ်လ ၁၄ ရက်တွင် အမွိုင်သို့ရောက်သည်။ အမွိုင်တွင် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်မရဘဲ သောင်တင်နေသည်။ ထိုစဉ် တို့ဗမာအစည်းအရုံးနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း အလုပ်အမှုဆောင် ဒေါက်တာသိန်းမောင်၏ ကြိုးပမ်းမှုဖြင့် တိုင်ပေ ဂျပန်စစ်ဌာနချုပ်နှင့် အဆက်အသွယ်ရသည်။ နိုဝင်ဘာလ ၁၂ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ရောက်သည်။ ဂျပန်စစ်အာဏာပိုင်များထံ "လွတ်လပ်သော မြန်မာပြည်ပြန်လည်ထူထောင်ရေးစီမံကိန်း" ကို ရေးဆွဲတင်ပြသည်။

၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် မြန်မာနိုင်ငံကို ရေကြောင်းမှ လျှို့ဝှက်ပြန်လာသည်။ မတ်လ ၃ ရက်တွင် ပုသိမ်မှတစ်ဆင့် ရန်ကုန်ရောက်သည်။ မြေအောက်တော်လှန်ရေးအဖွဲ့ခေါင်းဆောင် သခင်မြ၊ သခင်ချစ်တို့နှင့် ဆွေးနွေးပြီး ရဲဘော်သုံးကျိပ် ပထမအသုတ်အဖြစ် ကျောင်းသားခေါင်းဆောင် ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)၊ တို့ဗမာအစည်းအရုံးမှ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်အေးမောင်(ဗိုလ်မိုး)၊ သခင်ဗဂျမ်း(ဗိုလ်လရောင်)တို့နှင့်အတူ မတ်လ ၁၁ ရက်တွင် ရေကြောင်းမှ ဂျပန်နိုင်ငံသို့ လျှို့ဝှက်ထွက်ခွာခဲ့သည်။ တို့ဗမာအစည်းအရုံးနှစ်ခုမှ လူငယ် ၂၇ ဦးတို့ကို ဦးဆောင်၍

ဟိုင်နန်ကျွန်း "စန်ယ" စစ်ပညာသင်ကျောင်းတွင် ဧပြီလ ၂၅ ရက်မှစတင်၍ စစ်ပညာသင်ကြားခဲ့သည်။ အောက်တိုဘာလ ၅ ရက်တွင် ထိုင်ဝမ်ကျွန်း တာမာဆာတိုမြို့ သင်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ယူသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မီနာမီကီကန် (Minami Kikan) အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးဆူဇူကီး (ဗိုလ်မိုးကြိုး)၏ အကူအညီဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဦးဆောင်ဖွဲ့စည်းသည်။ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ရန် စစ်ကြောင်းများ သတ်မှတ်တာဝန်ပေးသည်။ ဒီဇင်ဘာလ ၃၁ ရက်တွင် ဘန်ကောက်မြို့ ဘော်နီယိုကုမ္ပဏီဝင်းအတွင်း၌ စစ်ရေးပြအခမ်းအနားကျင်းပပြီး ဗိုလ်မှူးကြီးဆူဇူကီးနှင့်အတူ မိန့်ခွန်းပြောခဲ့သည်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဂျပန်တပ်မတော်နှင့်အတူ ဘီအိုင်အေသည် စစ်ကြောင်းသုံးကြောင်းဖြန့်လျက် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ခဲ့သည်။ ဘီအိုင်အေဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းတွင် စစ်ဦးစီးမှူးဖြစ် တာဝန်ယူခဲ့သည်။ ဩဂုတ်လ ၁ ရက်တွင် ဘီအိုင်အေကို ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အဖြစ် ပြောင်းလဲပြီး ဗိုလ်မှူးကြီးရာထူးဖြင့် ဘီဒီအေ စစ်သေနာပတိချုပ်ဖြစ်လာသည်။

၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် မြောင်းမြမြို့ ဦးဘိုးညှင်း၊ ဒေါ်ဘွားစုတို့၏ သမီး သူနာပြုဆရာမ မခင်ကြည်နှင့် စစ်ဆေးရုံ(ရန်ကုန်စစ်ရုံးချုပ်)၌ လက်ထပ်သည်။ သား အောင်ဆန်းဦး၊ (အောင်ဆန်းလင်း)နှင့် သမီး အောင်ဆန်းစုကြည် (ယခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်) တို့ ထွန်းကားသည်။

၁၉၄၃ ခုနှစ်တွင် ဗိုလ်ချုပ်ရာထူးဖြင့် ဘီဒီအေ စစ်သေနာပတိ၊ ၁၉၄၃ ခုနှစ်၊ မတ်လ ၈ ရက်တွင် ဗမာ့လွတ်လပ်ရေးစီစဉ်မှုကော်မရှင် အဖွဲ့ဝင်၊ ၁၉၄၃–၄၅ ခုနှစ်တွင် လွတ်လပ်သော ဗမာနိုင်ငံအစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီး၊ စစ်သေနာပတိ တာဝန်ယူခဲ့သည်။ ဒေါက်တာဘမော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်သည်။ ဂျပန်ဘုရင်၏ တက်နေဝန်းတံဆိပ်(Order of the Rising Sun) ချီးမြှင့်ခံရသည်။ ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ဂျပန်ဘုရင်၏ ပထမဆင့် ဆုတံဆိပ်(Order of the Sacred Treasure First Class) ထပ်မံချီးမြှင့်ခံရသည်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်မှ ၇ ရက်အထိ ပဲခူးမြို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော၏ ဘီဒီအေ စံပြတပ်ရင်းတွင် မြေအောက်ကွန်မြူနစ်ပါတီမှ သခင်စိုး၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီး သခင်သန်းထွန်းတို့နှင့် လျှို့ဝှက်တွေ့ဆုံ၍ ဖက်ဆစ်

တော်လှန်ရေးကိစ္စများ ဆွေးနွေးသည်။ ဆွေးနွေးပွဲမှ ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ချုပ် ဖွဲ့စည်းရေးနှင့် "နယ်ချဲ့ဖက်ဆစ်ခားပြ ဂျပန်လူရိုင်းများကို မောင်းထုတ်"ဟူသော ကြေညာစာတမ်းအမှတ် ၁ ကို လက်ခံအတည်ပြုခဲ့သည်။ ဩဂုတ်လ ၂၃ ရက်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်နေအိမ်၌ ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီး ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် (ဖတဖ) Anti-Fascist Organization(AFO)ကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၁ ရက်မှ ၃ ရက်အထိ ဗိုလ်ချုပ်နေအိမ်တွင် ဖတဖ ခေါင်းဆောင်များ ထပ်မံတွေ့ဆုံပြီး ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်ကို ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ)အမည်သို့ ပြင်ဆင်၍ ဖတပလ၏ ဗဟိုစစ်ကောင်စီ စစ်ရေးခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် စစ်တိုင်းကြီးများ၊ စစ်နယ်မြေများနှင့် ဦးစီးခေါင်းဆောင်များ သတ်မှတ်သည်။ ဖက်ဆစ်တော်လှန်ရေးကို ဧပြီလ ၂ ရက်တွင် စတင်ရန် ဆုံးဖြတ်ခဲ့သည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် တစ်နိုင်ငံလုံး ဖက်ဆစ်တော်လှန်ရေး စတင်သည်။ ဗိုလ်ချုပ်သည် သရက်မြို့ အနောက်ဘက် သရက်ချောင်းရွာ ရှေ့တန်းစစ်ဦးစီးချုပ်ရုံးက ဦးဆောင်သည်။ ဖက်ဆစ်တော်လှန်ရေးအပြီး ဩဂုတ်လ ၁၉ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီး နေသူရိန်ကဇာတ်ရုံ၌ ဖတပလက ကြီးမှူး၍ လူထုအစည်းအဝေး (နေသူရိန်ညီလာခံ) ကျင်းပသည်။ ညီလာခံက ဖတပလ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့သည်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ဗမာ့မျိုးချစ်တပ်မတော်ကို အမြဲတမ်းတပ်မတော် ဖွဲ့စည်းရေးအတွက် အရှေ့တောင်အာရှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး လော့မောင့်ဘက်တန်နှင့် "ကန္ဒီသဘောတူညီချက်စာချုပ်"ကို ဦးဆောင်လက်မှတ်ရေးထိုးခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်တွေင် အသစ်ဖွဲ့စည်းသော ဗမာ့တပ်မတော်၌ ဗိုလ်မှူးချုပ်အဆင့်ဖြင့် လက်ထောက်စစ်ဆေးရေးအရာရှိချုပ် ရာထူးကို မောင့်ဘက်တန်က ကမ်းလှမ်းရာ ငြင်းပယ်ခဲ့သည်။

ဖတပလ ဦးစီးအဖွဲ့ဝင်များ၏ ဆန္ဒအရ တပ်မှထွက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဖတပလ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်သည်။ ဒီဇင်ဘာလ ၁ ရက်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဦးဆောင်ဖွဲ့စည်း၍ ဥက္ကဋ္ဌ၊ စစ်သေနာပတိတာဝန်ယူခဲ့သည်။ ဒီဇင်ဘာလ ၂၆ ရက်တွင် ဖတပလကို ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖဆပလ) Anti Fascist and People's Freedom League (AFPFL) အမည် ပြင်ဆင်ခဲ့သည်။

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်မှ ၁၈ ရက်ထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၌ ဖဆပလ အဖွဲ့ချုပ်ကြီး၏ ပထမအကြိမ် ပြည်လုံးကျွတ်ညီလာခံ ကျင်းပရာ သဘာပတိအဖြစ်ဆောင်ရွက်သည်။ မတ်လ ၂၀ ရက် ဘုရင်ခံ၏ ဥပဒေပြု လွှတ်တော်အစည်းအဝေးတွင် သခင်ထွန်းအုပ်၏ "ဂျပန်အဝင်တွင် ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင် လူသတ်မှုတစ်မှု၌ ပါဝင်ကြောင်း" စွပ်စွဲပြောကြားခံရသည်။ ဧပြီလ ၆ ရက်တွင် ဗိုလ်ချုပ်က "ကျွန်ုပ်၏ လိပ်ပြာကား အမြဲသန့်ရှင်းစင်ကြယ်လျက်" ခေါင်းစဉ်ဖြင့် ကြေညာချက် တစ်စောင်ထုတ်၍ စွပ်စွဲချက်ကို ရှင်းလင်းချေပခဲ့သည်။ စက်တင်ဘာလ ၂၆ ရက်တွင် ဘုရင်ခံ၏ ဖိတ်ခေါ်ချက်ကို လက်ခံ၍ အမှုဆောင်ကောင်စီ (အစိုးရဝန်ကြီးအဖွဲ့) ဒုတိယသဘာပတိ၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန ဝန်ကြီး ရာထူးဖြင့် အမျိုးသားယာယီအစိုးရကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။

ဗြိတိသျှ ဝန်ကြီးချုပ် မစ္စတာ အက်တလီ၏ ဖိတ်ခေါ်ချက်အရ မြန်မာကိုယ်စားလှယ် အဖွဲ့ကို ဦးဆောင်၍ အင်္ဂလန်နိုင်ငံ သွားရောက်သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် အောင်ဆန်း – အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရှမ်းပြည် ပင်လုံမြို့၌ တောင်တန်းဒေသ တိုင်းရင်းသား ခေါင်းဆောင်များနှင့် သမိုင်းဝင် ပင်လုံစာချုပ်ကို မြန်မာအစိုးရကိုယ်စားလှယ်အဖြစ် ဦးဆောင်လက်မှတ် ရေးထိုးခဲ့သည်။ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ယာယီအစိုးရ အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး ဒုတိယဥက္ကဋ္ဌ(ဝန်ကြီးချုပ်)၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးတာဝန်ခံ အဖြစ် ဆောင်ရွက်သည်။

၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ စတင် ကျင်းပသည်။ ရန်ကုန်မြို့မ (လမ်းမတော်) မဲဆန္ဒနယ်မြေမှ ပြိုင်ဘက်မရှိရွေးကောက် တင်မြှောက်ခံရသည်။ တစ်နိုင်ငံလုံး ၂၅၅ နေရာအနက် ဖဆပလ အဖွဲ့ချုပ်က ၂၄၈ နေရာ (၉၅ ဒသမ ၃ ရာခိုင်နှုန်း) အနိုင်ရသည်။ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၈ ရက် အထိ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံကျင်းပရာ နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများကိုကိုယ်တိုင်တင်သွင်းခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့အတွင်း ဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် မသမာသူလူတစ်စု၏ လုပ်ကြံ မှုဖြင့် လုပ်ဖော်ကိုင်ဖက် ဝန်ကြီး ၆ ဦး၊ အတွင်းဝန် ၁ ဦး၊ သက်တော်စောင့် ၁ ဦးတို့ နှင့်အတူ ကျဆုံးခဲ့ပါသည်။

■ ■ ■



ဒီးဒုတ်ဦးဘချို (၁၈၉၃ - ၁၉၄၇)

# ဒီးဒုတ် ဦးဘချို
(၁၈၉၃ – ၁၉၄၇)

ဗိုလ်ချုပ်ဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့ ပြန်ကြားရေးဌာနဝန်ကြီးအဖြစ် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများ အစည်းအဝေးတက်ရောက်နေစဉ် ဗိုလ်ချုပ်နှင့်အတူ လုပ်ကြံခံရသော အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကလောင်ဖြင့် တိုက်ပွဲဝင်ခဲ့သည့် ဒီးဒုတ်ဂျာနယ်၊ ဒီးဒုတ်သတင်းစာ ထုတ်ဝေသူ အယ်ဒီတာ၊ စာရေးဆရာအဖြစ် ထင်ရှားသည်။ ၁၉၂၀ ပထမကျောင်းသားသပိတ်တွင် ဗဟန်းအမျိုးသားကောလိပ် မြန်မာစာနှင့် ရာဇဝင်ပါမောက္ခဆရာလွန်း၏လက်ထောက်၊ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်တွင် သပိတ်စောင့်ရှောက်ရေး မြို့မိ၊ မြို့ဖ၊ ၁၉၃၇ တွဲရေး ခွဲရေးတွင် တွဲရေးဘက်မှ မော်မြင့်ဗြဲပါတီ ခေါင်းဆောင်၊ ဖေဘီယန်အဖွဲ့ တည်ထောင်သူအဖြစ် တာဝန်ယူခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးသမားအဖြစ် သတ်မှတ်ခံရသည်။ ဂျပန်ခေတ် အတိုင်ပင်ခံလွှတ်တော်အမတ်၊ စစ်ပြီး ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်၊ ဗိုလ်ချုပ် ဦးဆောင်သည့် ကြားဖြတ်အစိုးရ ပြန်ကြားရေးဌာနဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ကိုလိုနီခေတ် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု အနုသုခုမတို့တွင် ဦးဆောင်ဦးရွက်ပြုသူ၊ လောကီပညာ ဗေဒင်နက္ခတ် အင်းအိုင်စမ ဆေးပညာတို့တွင် ကျွမ်းကျင်နှံ့စပ်ရာ ပန်းတနော်ဦးသန့် (နောင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး) က ၁၉၃၇ ခု နိုဝင်ဘာလ ကြီးပွားရေးမဂ္ဂဇင်း၌"... အင်္ဂလိပ်လူမျိုးထဲမှာတော့ အဲလ်ဒစ်ဟတ်စလေ ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိပါတယ်။ ဘယ်ဘက်ကစမ်းစမ်း ရတဲ့ပုဂ္ဂိုလ်ပါပဲ။ သို့ရာတွင် ဦးဘချိုလောက်တော့ စုံမယ်မထင်ပါ" ဟု မှတ်တမ်းတင်ခဲ့ပါသည်။

**အာဇာနည်ခေါင်းဆောင်ကြီး**
**ဒီးဒုတ်ဦးဘချို**

၁၈၉၃ ခု၊ ဧပြီလ ၂၄ ရက် တနင်္လာနေ့တွင် မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်း၊ မြောင်းမြမြို့၌ ဖွားသည်။ အဖ ဦးဘိုးစာ၊ အမိ ဒေါ်မြစ်ဖြစ်သည်။ ဖခင်မှာ မြောင်းမြ မေခလာဆေးတိုက် မြန်မာသမားတော်၊ မိခင်မှာ မွန်မျိုးမတ်အနွယ်ဖြစ်သည်။ မွေးချင်း ၄ ယောက်တွင် အငယ်ဆုံးဖြစ်၍ အမည်ရင်း မောင်ဘချိုဖြစ်သည်။

အသက်(၇)နှစ်တွင် မြောင်းမြမြို့ဆရာဦးမောင်မောင်ကျောင်း၌ စတင်ပညာသင်သည်။ ၁၄ နှစ်တွင် ၇ တန်းအောင်၍ စကောလားရှစ်ပညာသင်ဆုရသည်။ ၁၉၀၇ ခုတွင် ရန်ကုန် စိန့်ပေါလ်အထက်တန်းကျောင်း ပြောင်းရွှေ့ပညာသင်ရာ ၁၆ နှစ်အရွယ်တွင် ၁၀ တန်းစာမေးပွဲကို ထူးချွန်စွာအောင်သည်။ စကောလားရှစ်ပညာသင်ဆု ဆက်လက်ရရှိသည်။ ငယ်စဉ်ကပင် ဉာဏ်ပညာ ထက်မြက်၍ စာပေ၊ ဂီတ၊ အားကစား စွယ်စုံလိုက်စားခဲ့သည်။ ရန်ကုန်ကောလိပ်တွင် ပညာဆက်လက်ဆည်းပူးရာ ဘီအေ အထက်တန်းပညာသင်နေစဉ် မျက်စိရောဂါဖြင့် ကျောင်းထွက်ခဲ့ရသည်။

၁၉၁၃ ခုတွင် ပေါင်းတည်မြို့ အစိုးရအထက်တန်းကျောင်း၊ ၁၉၁၄ ခုတွင် ဟင်္သာတအစိုးရကျောင်းတို့၌ ပါဠိဆရာ၊ ထို့နောက် ပညာအုပ်အဖြစ် အမှုထမ်းသည်။ ထိုသို့ အမှုထမ်းနေစဉ် နေရပ် ဟင်္သာတ သရဲချောင်ကိုမှီ၍ "နောက်စွယ်ချောင်က တောက်တဲ့ မောင်" ကလောင်ဖြင့် စာနယ်ဇင်းများတွင် ကဗျာလင်္ကာနှင့် မြန်မာမှုများရေးသားသည်။ ဟင်္သာတမြို့ သုစရိတယုဝအသင်း စက္ကရီတေရီအဖြစ် လူမှုရေး ဆောင်ရွက်သည်။

ပညာအုပ်အဖြစ်ဆောင်ရွက်နေစဉ် ၁၉၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်တွင် ရန်ကုန်မြို့ မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း) အိမ်နံပါတ် ၇၀ နေ လှည်းလုပ်ငန်းရှင် ဦးသဲ၊ ဒေါ်မမကြီးတို့၏သမီး မလှမေနှင့် လက်ထပ်သည်။ မလှမေမှာ မြန်မာမိန်းမများအသင်း တွဲဖက်စက္ကရီတေရီအဖြစ် ကိုလိုနီခေတ်ဦး အမျိုးသမီးလှုပ်ရှားမှုတွင် ထင်ရှားသည်။

နိုင်ငံအနှံ့ ဝံသာနုစိတ်ဓာတ်များ ပြန့်ပွားလာချိန် နှစ်ပါးကြည်ဂျာနယ်၌ ဒီးဒုတ် ကလောင်အမည်ဖြင့် လူမှုရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလှုံ့ဆော်သည့် "ဒီးဒုတ်၏ ပစ္စရလက္ခတ်ကျမ်း" ရေးသားခဲ့သည်။ ထိုစဉ် ကောလိပ်ကျောင်းနေဖက် ဒယ်လီဂိတ် ဦးထွန်းရှိန် (၁၈၉၀ – ၁၉၂၀)၏ တိုက်တွန်းမှုဖြင့် ပညာအုပ်ရာထူးမှ နုတ်ထွက်၍ ဗဟန်းအမျိုးသားကောလိပ် (၁၄ ဩဂုတ် ၁၉၂၁) တွင် ဝင်ရောက်အမှုထမ်းသည်။

ဗဟန်းကောလိပ် မြန်မာစာနှင့် မြန်မာရာဇဝင် ပါမောက္ခ ပရော်ဖက်ဆာ ဆရာလွန်း၏ မြန်မာဘာသာ လက်ထောက်အဖြစ် ၁၉၂၄ ခု ဗဟန်းကောလိပ်ပျက်သည့်တိုင် ဆင်းရဲချို့တဲ့ခံ ဆောင်ရွက်ခဲ့သည်။ အမျိုးသားကောလိပ် ကျောင်းဆရာဘဝတွင် ဝမ်းရေးအတွက် ဘချို၏ "အသားလှကတ္တီပါရေ"၊ "ပန်းမြိုင်လယ်ရေမွှေး" တို့ ထုတ်လုပ်ရောင်းချသည်။ ၁၉၂၃ ခု ဇူလိုင် ၃၀ တွင် မြန်မာရီဗျူး(Burmese Review) ဂျာနယ် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၂၄ ခုနှစ်တွင် ဗဟန်းအမျိုးသားကောလိပ်ပျက်ပြီး မြန်မာရီဗျူးဂျာနယ်မှ ခွင့် ၆ လယူကာ အစိုးရအထောက်အပံ့မခံသည့် သရက်တောအမျိုးသားကျောင်း၌ အမျိုးသားကျောင်းဆရာအဖြစ် ကူညီသည်။ ၁၉၂၅ ခု ဧပြီလ ၂၅ ရက် စနေနေ့ မှစ၍ အပတ်စဉ်ထုတ် "ဒီးဒုတ်သတင်းစာ"ကို ဦးဆောင်ထုတ်ဝေသည်။ ဒီးဒုတ်သတင်းစာတွင် ဒီးဒုတ်၊ တောက်တဲ့၊ စပယ်၊ ဥက္ကလာမခင်စိန် စသည့် ကလောင်အမည်အမျိုးမျိုးဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ ဂီတ၊ နက္ခတ် ဗေဒင် ကဏ္ဍများ ဒိုင်ခံရေးသားသည်။ ဒီးဒုတ်သတင်းစာကို နောက်ပိုင်းတွင် ဒီးဒုတ် ဂျာနယ် ဟု အမည်ပြောင်းသည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို လွှတ်တော်တွင်းမှ အတိုက် အခံဆောင်ရွက်သည့် ဦးတုတ်ကြီး၏ သရာဇပါတီကိုထောက်ခံပြီး ၂၁ ဦး ပါတီကို ပြင်းပြင်းထန်ထန်ဝေဖန်သည်။

၁၉၂၅ ခု နိုဝင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့ ချာချီလမ်း (ကိုယ့်မင်းကိုယ့် ချင်းလမ်း) စံအိမ်၌ မိဖုရားခေါင်ကြီး စုဖုရားလတ် ကွယ်လွန်ရာ 'မိဖုရားခေါင်ကြီး ဈာပန' အတွက် မြန်မာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပါဝင်ကူညီဆောင်ရွက်ရန် ဦးဆောင်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီ (Council of National Educa-tion) တွင်လည်း ပါဝင်ဆောင်ရွက်၍ ၁၉၂၉ - ၃၀ အမျိုးသားကျောင်းသုံးစာအုပ် ပြဋ္ဌာန်းရေးကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၂၉ ခုနှစ်မှာပင် မဟာဒုတ် ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်သည့် 'မြားနတ်ရှင်' ဇာတ်ကား၌ ဇာတ်လိုက်၏ အဖေခန်းမှ ပါဝင်သရုပ်ဆောင်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဘိလပ်မှ ပြန်လာသည့် မြန်မာပန်းချီကျော် ဦးဘဉာဏ်ကို မြန်မာစာနယ်ဇင်းများနှင့် မိတ်ဆက်ပေးရန် ကမကထ ပြုလုပ်သည်။ မြန်မာပန်းချီဆရာအသင်း ပေါ်ထွန်းလာစေရန် ကြိုးပမ်း၍ အကျိုးဆောင်အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၃၀ ပြည့်နှစ် အိန္ဒိယနှင့် မြန်မာ ခွဲရေး တွဲရေးတွင် ဒီးဒုတ်ဂျာနယ်သည် တွဲရေးဘက်က ထောက်ခံရေးသားသည်။ တွဲရေးဘက်မှ ဒေါက်တာဘမော်၊ ဝတ်လုံ ဦးကျော်မြင့်တို့နှင့်တွဲပြီး ၁၉၃၂ ခုတွင် 'မြန်မာ့ဖေယျာသတင်းစာ' အယ်ဒီတာ

အဖြစ် ဆောင်ရွက်သည်။ ၁၉၃၄ ခုတွင် အရှင်ဥတ္တမသီရိ၏ စမကျမ်းအဖွင့် 'ကပ္ပါလင်္ကာရဝဏ္ဏာကျမ်း'ကို တည်းဖြတ်၍ ဒီးဒုတ်ဂျာနယ်၌ ထည့်သွင်းခဲ့သည်။ မြဝတီမင်းကြီးဦးစ၏ 'အီနောင်ဇာတ်တော်ကြီး'ကိုလည်း တည်းဖြတ်ပြီး ဒီးဒုတ်ဂျာနယ်၌ ဖော်ပြသည်။ ၁၉၃၅ ခုနှစ်တွင် ဂီတသုတေသနအသင်းကို ဦးဆောင် ဖွဲ့စည်းသည်။ ဥက္ကဋ္ဌ စောင်းဆရာကျော်၊ အတွင်းရေးမှူး ပတ္တလားဦးသိုက်တို့နှင့်အတူ မြန်မာ့ဂီတတိုးတက်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ဂီတပညာရှင် စောင်းဦး မောင်မောင်လတ်၊ အဆိုတော် ဒေါ်ဒေလီညွှန့်တို့ကို သီဆိုတီးမှုတ်စေ၍ ကွမ်းဘိုး ထိန်းကြီးပေမူ၊ ဘားနဒ်ပေမူ၊ သံယုတ်ဆရာတော်၏ ပုရပိုက်မူများနှင့် ညှိနှိုင်းကာ သီချင်းကြီး ပုဒ်ရေ ၅၇၀ ပါ ဒေဝဣန္ဒာမူ 'ဂီတဝိသောဓနီ' ကျမ်းကို ထပ်မံတည်းဖြတ် ထုတ်ဝေသည်။

၁၉၃၆ တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဝတ်လုံဦးကျော်မြင့်နှင့်တွဲပြီး သပိတ်စောင့်ရှောက်ရေးကော်မတီ လူကြီးအဖြစ် အားပေးကူညီသည်။ သပိတ်အပြီး အမျိုးသားတက္ကသိုလ် ထူထောင်ရာ အမျိုးသားတက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ အမျိုးသားတက္ကသိုလ် ညနေသင်တန်း မြန်မာစာကထိကအဖြစ် စေတနာ့ဝန်ထမ်း ဆောင်ရွက်သည်။ ၁၉၃၆ ခု ၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲတွင် ကိုနု၊ ကိုဘခိုင်တို့နှင့်အတူ ဖေဘီယန်ခေါ် ဆင်းရဲသားအကျိုးဆောင်အဖွဲ့ကို ဦးဆောင်၍ ရွေးကောက်ပွဲဝင်သည်။ ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံရေးခေါင်းဆောင်များ ရာထူးမယူရန် မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင် (နောင် ဂျာနယ်ကျော်) ဘားမားဂျာနယ် ဦးထွန်းသန်း၊ ရဲသတင်းစာ ဦးဘရှိန်(မဟာဆွေ)၊ တို့ဗမာသတင်းစဉ် သခင်တင်မောင်တို့နှင့်တွဲ၍ ကြိုးပမ်းသည်။ ၁၉၃၇ ခုတွင် နဂါးနီစာအုပ်အသင်း ပေါ်ထွန်းလာရာ ကူညီရေးသားပေးသည်။ ၁၉၃၈ ခုတွင် ထောင့်သုံးရာပြည့် အရေးတော်ပုံတွင် 'ဒီးဒုတ် နေ့စဉ်' သတင်းစာထုတ်၍ ကူညီပံ့ပိုးသည်။ အရေးတော်ပုံ ပြင်းထန်နေစဉ် ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် တို့ဗမာအစည်းအရုံး ဌာနချုပ်ခေါင်းဆောင် သခင်ထိပ်တင်ကိုယ်တော်ကြီး၊ သခင်နု၊ သခင်အောင်ဆန်းတို့နှင့်အတူ အင်္ဂလိပ် အစိုးရ၏ သီတင်းနှစ်ပတ် ဖမ်းဆီးအကျဉ်းချခံရသည်။

၁၉၃၉ ခု၊ ဒီဇင်ဘာလတွင် မြို့မဆရာကြီး ဦးဘလွင်၊ သခင်နု၊ ဒေါ်မြစိန်(အမ်အေ၊ ဘီလစ်) တို့နှင့်အတူ တရုတ်နိုင်ငံကို မိတ်ဆက်အဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့သည်။ ဂျပန်ဖက်ဆစ်ဝါဒကို ဝေဖန်ရေးသားဟောပြောရာ အချို့စာနယ်ဇင်းများက 'တရားအားထုတ်သူ'(တရုတ်အားထားသူ)ဟု သရော်ခံရသည်။ ၁၉၄၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ထိုနှစ်မှာပင် ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်မှူး၊ မြန်မာဂီတသုတေသီ ဦးခင်ဇော်(K)၏ မြန်မာ သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ ဘောလယ်၊ ရတု၊ ရကန်၊ လူးတား၊ ချောင်း၊ မော်ကွန်းတို့ကို မူမှန်အသံသွင်း မှတ်တမ်းတင်လုပ်ငန်းကို ပံ့ပိုးကူညီသည်။

မူမှန် အသံသွင်းနိုင်ရန် အဝေးရောက်မင်း ဦးအောင်ကြီး၊ ဒေါ်စောမြအေးကြည်၊ သီပေါနရည်တော်အဖွဲ့သားများ ရန်ကုန်လာရောက်ကူညီရန် ပံ့ပိုးခဲ့သည်။

၁၉၄၁ ခု ဒီဇင်ဘာလတွင် ဒုတိယကမ္ဘာစစ်မီး မြန်မာပြည် ကူးစက်လာရာ မိသားစုနှင့်အတူ အဝေးရောက်မင်း ဦးအောင်ကြီးနေထိုင်ရာ ရွှေဘိုသို့ စစ်ဘေးရှောင်ခဲ့သည်။ ရွှေဘိုတွင် ဖက်ဆစ်ဆန့်ကျင်ရေး စာရွက်စာတမ်းများရေးသားဖြန့်ဝေသည်။ မန္တလေးထောင်တွင်းရှိ သခင်နု၊ သခင်စိုး၊ သခင်ဗဟိန်းတို့ တရုတ်ပြည်သွားနိုင်ရန် တရုတ်အစိုးရကိုယ်စားလှယ် ဂျယ်နရယ်ဝမ်းနှင့်ဆက်သွယ် ပေးခဲ့သည်။ ဂျပန်ခေတ်အစောပိုင်းတွင် ဖက်ဆစ်ဆန့်ကျင်ရေးအတွက် နာမည်ထွက်ခဲ့ရာ အသက်ဘေးလုံခြုံရေးအတွက် သခင်နု၊ ဗိုလ်လက်ျာတို့က အကာအကွယ် စီစဉ်ပေးရသည်။ တွံတေးဘက်တွင် ခိုလှုံနေခဲ့သည်။ ဂျပန်ခေတ် အဓိပတိ ဒေါက်တာဘမော်ဦးဆောင်သော ဗမာနိုင်ငံတော်အစိုးရ၏ အတိုင်ပင်ခံ လွှတ်တော်အမတ်အဖြစ်ရွေးချယ်တင်မြှောက်ခံရသည်။ ဂျပန်ခေတ် စာရေးဆရာ မဂ္ဂဇင်းတွင် စာပေ၊ ဂီတဆောင်းပါးများ ရေးသားသည်။

ဖက်ဆစ်တော်လှန်ရေးပြီးနောက် ဖတပလ (နောင် ဖဆပလ) ဖွဲ့စည်းရာ ဗဟိုဦးစီးအဖွဲ့ဝင် ၁၆ ဦးတွင် ပါဝင်ခဲ့သည်။ ဒီးဒုတ်ဂျာနယ်ကို ပြန်လည်ထုတ်ဝေ၍ ဖဆပလကို ထောက်ခံအားပေးသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဗိုလ်ချုပ်ဦးဆောင်သော ကြားဖြတ်ယာယီအစိုးရအဖွဲ့၌ ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခံရသည်။ ၁၉၄၇ ခုနှစ်၊ မတ်လ ၄ ရက်မှ ၆ ရက်အထိ ချင်းတောင်တန်း၊ ထီးလင်းမြို့၌ ကျင်းပသော ချင်း–ဗမာ ချစ်ကြည်ရေးညီလာခံကို ဗိုလ်ချုပ်ကိုယ်စား မြန်မာအဖွဲ့ကို ဦးဆောင်တက်ရောက်သည်။ တောင်တန်းသာသနာပြုအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့သည်။ ၁၉၄၇ ခု ဧပြီလ တိုင်းပြု ပြည်ပြု ရွေးကောက် ပွဲတွင် ဟံသာဝတီခရိုင် မဲဆန္ဒနယ်မှ ရွေးကောက်ခံရသည်။ ၁၉၄၇ ခု ဇွန်လ တိုင်းပြုပြည်ပြု လွှတ်တော် အစည်းအဝေးတွင် အခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်၊ အလံ၊ သီချင်း၊ တံဆိပ် ကော်မတီ သဘာပတိအဖြစ် ဆောင်ရွက်သည်။

၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေး ကျင်းပနေစဉ် မသမာသူ သေနတ်သမားများ၏ လုပ်ကြံမှုခံရသည်။ ထိုနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပါသည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်လှမေ၊ သမီးလတ်နှင့် သမီးငယ် မခင်ပုနှင့် မခင်ခင်ဦးတို့ ကျန်ရစ်သည်။ သမီးကြီး မခင်နု နှင့် မေမေခင်တို့မှာ ဂျပန်ခေတ်တွင် ဆုံးပါးခဲ့သည်။

■ ■ ■



သခင်မြ (၁၈၉၇ - ၁၉၄၇)

# သခင်မြ

(၁၈၉၇ – ၁၉၄၇)

မြန်မာ့လွတ်လပ်ရေးအတွက် နောက်ဆုံး နှလုံးရည်တိုက်ပွဲ ဝင်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အသက်ပေးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည်။ ၁၉၂၀ ပထမ ကျောင်းသားသပိတ်ခေါင်းဆောင်၊ တို့ဗမာအစည်းအရုံးဌာနချုပ်အလုပ်အမှုဆောင်(၁၉၃၆ – ၁၉၄၁)၊ ဥက္ကဋ္ဌ (၁၉၄၁ – ၄၂) တို့ဗမာအစည်းအရုံးကိုယ့်မင်းကိုယ့်ချင်း အဖွဲ့မှ ဥပဒေပြု အောက်လွှတ်တော်အမတ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမား အဖွဲ့ဥက္ကဋ္ဌ၊ မြေအောက်တော်လှန်ရေးအဖွဲ့ခေါင်းဆောင်၊ ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်၊ စစ်ပြီး ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်၊ မြန်မာပြည်ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌ (၁၉၄၆ – ၄၇)၊ ဗိုလ်ချုပ်ဦးဆောင်သော ကြားဖြတ် ယာယီ အမျိုးသားအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးတာဝန်များထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ သာယာဝတီတောင်ပိုင်းအောက်လွှတ်တော်အမတ်အဖြစ် ဆောင်ရွက်စဉ် ဗြိတိသျှအစိုးရ၏ အပြုအမူဆောင်ရွက်ချက်များကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သော်လည်း ထိုစဉ်က ပြည်ထဲရေးဝန်ကြီးချုပ်ဆာပေါ်ထွန်းက ၁၉၃၈ ခု မတ် ၁ အင်္ဂါနေ့ လွှတ်တော်အစည်းအဝေးတွင် "သခင်မြသည် အလွန် အကျိုးအကြောင်းမျှတစွာ ဆက်ဆံတတ်သည့် ပုဂ္ဂိုလ်၊ သခင်မြလို သခင်မျိုးကိုတော့ ကျွန်တော်တို့က ကန်တော့ပွဲ နှင့်တောင် ထားချင်ပါတယ်" ဟု မြန်မာပြည်ဥပဒေပြု လွှတ်တော်မှတ်တမ်း၊ အတွဲ ၃ (၁၉၃၈) စာမျက်နှာ ၁၆၃၆ ၌ မှတ်တမ်းတင်ခဲ့ပါသည်။ သခင်မြ၏ ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌရာထူးကို ဆက်ခံသော ဦးကိုကိုကြီးကလည်း "သခင်မြက ငါတို့ခေတ်မှာ ဂုဏ်သရေရှိ လူကြီး လူကောင်းအားလုံးရဲ့ အထက်မှာရှိတယ်" ဟု မှတ်ချက်ချခဲ့ပါသည်။

## အာဇာနည်ခေါင်းဆောင်ကြီး
## သခင်မြ

၁၈၉၇ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် ကြာသပတေးတွင် ပြည်ခရိုင်၊ ထုံးဘိုမြို့၌ မွေးဖွားသည်။ အဖ သစ်ကုန်သည် ဦးဘိုးချွန်၊ အမိ ဒေါ်သက်လယ် ဖြစ်သည်။ မွေးချင်းနှမ မမြငွေ (သီလရှင် မခေမာဝတီ) တစ်ဦးသာရှိသည်။ ငယ်မည် မောင်မြရွှေ၊ နောင်မောင်မြတွင်သည်။ မောင်မြ သုံးနှစ်အရွယ်တွင် မိခင် ကွယ်လွန်ခဲ့သည်။

၁၉၀၃ ခုနှစ်တွင် ထုံးဘိုမြို့ ဆရာကြီး ဦးဘိုးစ၏ တိုင်းရင်းမြန်မာမူလတန်းကျောင်း၌ စတင်ပညာသင်သည်။ ၄ တန်းအောင်သည့်အခါ သာယာဝတီမြို့ အေဘီအမ်အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ရာ ၃ တန်းမှ စတင်သင်ခဲ့ရသည်။ ၁၉၁၂ ခုနှစ်တွင် ၇ တန်း စာမေးပွဲကို စကောလားရှစ်ဖြင့်အောင်သည်။ ထို့နောက် ရန်ကုန်မြို့ ဘတ်ပတစ်အထက်တန်းကျောင်းတွင် ၈ တန်းပညာသင်သည်။ ၁၉၁၅ ခုနှစ်တွင် ၁၀ တန်း စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။

၁၉၁၅ – ၁၆ ခုနှစ်တွင် ရန်ကုန်ကောလိပ်သိပ္ပံ ဥပစာတန်း၌ ပညာသင်သည်။ ကောလိပ်ကျောင်းသားဘဝတွင် သူငယ်ချင်းများ စုပေါင်း၍ 'ကြည့်မြင်တိုင်စတုဒင့်ယူနီယံကလပ်' (Students's Union Club, 1916) ကို တည်ထောင်သည်။ ကလပ်တွင် ညနေပိုင်း အခမဲ့ အင်္ဂလိပ်စာသင်တန်း ဆရာ၊ ၁၉၁၈ – ၁၉ ခုနှစ်တွင် ကလပ်အတွင်းရေးမှူးတာဝန်များ ဆောင်ရွက်၍ လူမှုရေး၊ နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ရန်ကုန်ကောလိပ် ဘီအက်စ်စီ ဂုဏ်ထူးတန်းစာမေးပွဲ ကျရှုံးခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဂုဏ်ထူးတန်း ပြန်လည်တက်ရောက်နေစဉ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်သော ကျောင်းသားသပိတ်တွင် ခေါင်းဆောင်တစ်ဦးအဖြစ် ဦးဆောင်ခဲ့သည်။ သပိတ်မှောက်ကောင်စီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗဟန်းအမျိုးသားကောလိပ်မှ ဘီအက်စ်စီ (နေရှင်နယ်) ဘွဲ့ရသည်။

၁၉၂၀ – ၂၁ ခုနှစ်တွင် ဗဟန်းသပိတ်စခန်း စံပြအမျိုးသားကျောင်းဆရာ၊ အမျိုးသားကျောင်းများ စီမံအုပ်ချုပ်မှုကော်မတီ တွဲဖက်အကျိုးဆောင်၊ ၁၉၂၁ – ၂၃ ခုနှစ်တွင် ကြည့်မြင်တိုင် အမျိုးသားအထက်တန်းကျောင်း အထက်တန်းပြဆရာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် ပြန်လည်တက်ရောက်သည်။ တက္ကသိုလ်အပျော်တမ်းတပ်ရင်းတွင် ပါဝင်ခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် ရန်ကုန်

တက္ကသိုလ်မှ ဘီအက်စ်စီ ဓာတုဗေဒဂုဏ်ထူးတန်းဘွဲ့ရသည်။ ၁၉၂၄ – ၂၆ ခုနှစ်တွင် ရန်ကုန်အစိုးရအထက်တန်းကျောင်း သိပ္ပံပြဆရာ၊ ရန်ကုန်တက္ကသိုလ် တကောင်းကျောင်းဆောင် လက်ထောက်အဆောင်မှူး၊ ၁၉၂၆ ခုနှစ်တွင် ရန်ကုန် မြို့မအထက်တန်းကျောင်း သင်္ချာပြဆရာအဖြစ်ဆောင်ရွက်သည်။ ၁၉၂၆ – ၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပဒေတန်း တက်ရောက်၍ ၁၉၂၇ ခုနှစ်တွင် ဘီအယ်လ် ဥပဒေဘွဲ့ရသည်။

၁၉၂၆ ခုနှစ်၊ မတ်လတွင် သာယာဝတီခရိုင်၊ အုတ်ဖိုမြို့မှ မြေပိုင်ရှင် အမိန့်တော်ရရှေ့နေ ဦးဘကျော်၊ ဒေါ်စိန်စိန်တို့၏ သမီး မခင်ညွန့်နှင့် လက်ထပ်သည်။

၁၉၂၇ ခုနှစ်တွင် ဥပဒေဘွဲ့ရပြီး သာယာဝတီမြို့တွင် ဝတ်လုံတော်ရအဖြစ်လုပ်ကိုင်သည်။ ထိုသို့ဆောင်ရွက်နေစဉ် သာယာဝတီမြို့ ဗုဒ္ဓဘာသာ အမျိုးသားကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်၊ သာယာဝတီခရိုင် စကောက်ကော်မရှင်နာအဖြစ် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သည်။ ၁၉၃၁ ခုနှစ်တွင် ဆရာစံနှင့် တောင်သူလယ်သမားပုန်ကန်မှုခေါင်းဆောင်များကို သာယာဝတီမြို့ အထူးခုံရုံး၌ အမှုစစ်ဆေးရာ တရားခံများဘက်မှ အစိုးရငှား ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးခဲ့သည်။ အစိုးရထံမှရသော ရှေ့နေခအားလုံးကို သာယာဝတီမြို့ ဆေးရုံကြီးကို ရေစက်ချ လှူဒါန်းခဲ့သည်။

၁၉၃၄ ခုနှစ်၊ ဧပြီလတွင် တို့ဗမာအစည်းအရုံး ဌာနချုပ်ခေါင်းဆောင် သခင်ဗစိန်၊ သခင်လေးမောင်၊ရှင်အရိယ (ဦးဥတ္တမ၏ညီ)တို့ တို့ဗမာဝါဒ ဖြန့်ရန် သာယာဝတီမြို့ကို ရောက်ရှိလာရာ ကူညီဧည့်ခံပြီး တို့ဗမာအစည်းအရုံးဝင် သခင်မြအမည်ကို ခံယူသည်။ ၁၉၃၅ ခုနှစ်တွင် သာယာဝတီစီရင်စု တို့ဗမာအစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊ ၁၉၃၆ ခုနှစ်ဒုတိယအကြိမ် တို့ဗမာအစည်းအရုံးညီလာခံတွင် နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ဝင်၊ ဌာနချုပ် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၃၆ ခုနှစ် ရွေးကောက်ပွဲတွင် တို့ဗမာအစည်းအရုံး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်ရာ သာယာဝတီတောင်ပိုင်းဥပဒေပြုအောက်လွှတ်တော်အမတ်ဖြစ်လာသည်။လွှတ်တော်အမတ်လစာကို မယူခဲ့ချေ။ ၁၉၃၈ ခုနှစ် တတိယအကြိမ် တို့ဗမာအစည်းအရုံးညီလာခံက ဌာနချုပ်အလုပ်အမှုဆောင်၊ ရေနံမြေအလုပ်သမားများအရေးတော်ပုံ စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရသည်။ ၁၉၃၈ ခုနှစ်၊ ဇူလိုင်လတွင် တို့ဗမာအစည်းအရုံးနှစ်ခြမ်းကွဲရာ သခင်ကိုယ်တော်မှိုင်း နာယကအဖြစ်ဆောင်ရွက်သော တို့ဗမာအစည်းအရုံး၏ ဌာနချုပ်အလုပ်အမှုဆောင်၊ စာရင်းစစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

လွှတ်တော်အမတ်အဖြစ် ရေနံမြေအလုပ်သမားများ၏ နစ်နာမှု၊ မတရားဖိနှိပ်ခံရမှုများကို လွှတ်တော်တွင် ပြင်းပြင်းထန်ထန်အရေးဆို တင်ပြခဲ့ပြီး ကန့်ကွက်သော

အားဖြင့် လွှတ်တော်အမတ်အဖြစ်မှ သခင်အဲ့ကြီးနှင့်အတူ နုတ်ထွက်ခဲ့သည်။ ထို့နောက် ရေနံမြေအလုပ်သမားသပိတ်ကို ဌာနချုပ်အလုပ်အမှုဆောင်အဖြစ် ဦးဆောင်သည်။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင် ပထမဦးဆုံးဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ တောင်သူလယ်သမားအစည်းအရုံး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ မြို့နယ်အသီးသီးတွင် တောင်သူလယ်သမားအစည်းအရုံးများ ဖွဲ့စည်းခဲ့သည်။ တောင်သူလယ်သမား ခေါင်းဆောင် (ကေဒါ) သင်တန်းများ ဖွင့်လှစ်၍ လယ်သီးစားခ ပြဿနာနှင့် တောင်သူလယ်သမား ရေးရာများ ပို့ချခဲ့သည်။

၁၉၃၉ ခု ဖေဖော်ဝါရီလ ၁၆ ရက်တွင် သာယာဝတီတောင်ပိုင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ သခင်ထွန်းအုပ်ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးမှ သခင်ညီနှင့် ယှဉ်ပြိုင်အရွေးခံရာ အနိုင်ရပြီး လွှတ်တော်အမတ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။ လွှတ်တော်တွင် အုပ်ချုပ်ရေးသစ်ကို ကန့်ကွက်သောအားဖြင့် လွှတ်တော်အစည်းအဝေးခန်းမသို့ ဘုရင်ခံဝင်ရောက်လာချိန်၌ ထိုင်သပိတ်မှောက်ခြင်း၊ လွှတ်တော်တွင် မြန်မာစကားဖြင့်သာ ပြောဆိုခြင်း၊ အလုပ်သမား တောင်သူလယ်သမားအရေးများကို ရဲရဲဝံ့ဝံ့တင်ပြခြင်း၊ ၁၉၃၈ ခုနှစ် လူမျိုးရေးအဓိကရုဏ်းစုံစမ်းရေးအစီရင်ခံစာကို ပြင်းပြင်းထန်ထန်ဝေဖန်ခြင်းများ ပြုလုပ်ခဲ့ရာ ၁၉၃၈ ခုနှစ်၊ မတ်လ ၁ ရက် အင်္ဂါနေ့ လွှတ်တော်အစည်းအဝေးတွင် ပြည်ထဲရေး ဝန်ကြီးချုပ် ဆာပေါ်ထွန်းက 'သခင်မြသည် အလွန်အကျိုးအကြောင်း မျှတစွာ ဆက်ဆံတတ်သည့် ပုဂ္ဂိုလ်၊ သခင်မြလို သခင်မျိုးကိုတော့ ကျွန်တော်တို့က ကန်တော့ပွဲနှင့်တောင် ထားချင်ပါတယ်' ဟု မြန်မာပြည် ဥပဒေပြု လွှတ်တော်မှတ်တမ်း၊ အတွဲ ၃ (၁၉၃၈)၊ စာမျက်နှာ ၁၆၃၆တွင် မှတ်တမ်းတင်ခဲ့ပါသည်။

၁၉၃၉ ခုနှစ် စတုတ္ထအကြိမ် တို့ဗမာအစည်းအရုံးညီလာခံက ဌာနချုပ်အလုပ်အမှုဆောင်အဖြစ် တာဝန်ပေးအပ်ခံရသည်။၁၉၃၉ခုနှစ် စက်တင်ဘာလတွင် မြေအောက်လှုပ်ရှားမှု(ပြည်သူ့အရေးတော်ပုံပါတီ)ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဗမာ့ထွက်ရပ်ဂိုဏ်းတည်ထောင်ရာ ဦးစီးအဖွဲ့ဝင်အဖြစ် ပါဝင်သည်။ ၁၉၄၁ ခုနှစ်၊ မတ်လ ၁၀ ရက် ပဲခူးတွင်ကျင်းပသော နိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင်အစည်းအဝေးက တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခံရသည်။ ပါလီမန်အမတ်တစ်ဦးအား တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌအဖြစ် မခန့်အပ်ရဟူသော စည်းမျဉ်းကို ချိုးဖျက်၍ နိုင်ငံရေး၊ စစ်ရေးအခြေအနေအရ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၁ ခုနှစ်၊ မေလတွင် ရခိုင်ပြည်နယ်

ကျောက်တော်မြို့ ရခိုင်တိုင်းရင်းသားအဖွဲ့ချုပ် ကွန်ဂရက်ကို ဇနီးသည် သခင်မ မခင်ညွန့်နှင့်အတူ တက်ရောက်ခဲ့သည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်တွင် တို့ဗမာအစည်းအရုံး မတရားသင်း ကြေညာခံရပြီး မော်လမြိုင်မြို့သို့ လျှို့ဝှက် တိမ်းရှောင်ခဲ့သည်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ကျောင်းသားခေါင်းဆောင် ကိုလှမောင် နှင့်အတူ ယိုးဒယားနိုင်ငံ(ထိုင်း) ဘန်ကောက်မြို့သို့ သွားရောက်၍ မြန်မာ-ဂျပန် ဆက်သွယ်ရေး အရာရှိချုပ် ဗိုလ်မှူးကြီး ဟီရာအိုကာနှင့် မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့သည်။ ဂျပန်ခေတ် ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် မြန်မာနိုင်ငံ အစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၃ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးကျော်ငြိမ်းတို့နှင့်အတူ ဂျပန်ပြည်သွားရောက်ခဲ့သည်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက် ဂျပန်ခေတ်လွတ်လပ်ရေးပေးသောအခါ မြန်မာနိုင်ငံအစိုးရအဖွဲ့၏ ဒုတိယ ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ဂျပန်တပ်များ ရန်ကုန်မှ ဆုတ်ခွာရာ အဓိပတိ ဒေါက်တာဘမော်၊ သခင်နုတို့နှင့်အတူ လိုက်ပါ၍ မုဒုံ၌ ကျန်ရစ်သည်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ဗမာပြည်ဆိုရှယ်လစ်ပါတီကို ဦးဆောင်တည်ထောင်၍ ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၁၉၄၆ - ၄၇ ခုနှစ်တွင် ဖဆပလ ဌာနချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်ယာယီ အမျိုးသားအစိုးရအဖွဲ့၌ ပြည်ထဲရေးနှင့်တရားရေးဌာန ဝန်ကြီးအဖြစ်တာဝန်ယူခဲ့သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန် လန်ဒန်သွား မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဧပြီလ တိုင်းပြု ပြည်ပြု ရွေးကောက်ပွဲ တွင် သာယာဝတီခရိုင် မဲဆန္ဒနယ်မှ ရွေးချယ်ခံရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းပြုပြည်ပြုလွှတ်တော် ယာယီသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဘဏ္ဍာရေးဌာနဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့ ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် ဗိုလ်ချုပ်ဦးဆောင်၍ ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ်၌ မသာမာသူများ၏ လုပ်ကြံစဉ် အသက်ပေးခဲ့ရပါသည်။

ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ခင်ညွန့် ကျန်ရစ်သည်။

■ ■ ■



ဦးရာဇတ် (၁၈၉၈ - ၁၉၄၇)

# ဦးရာဇတ်

(၁၈၉၈–၁၉၄၇)

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် မသမာသူများ၏ လုပ်ကြံမှုများကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရသည့် အမျိုးသားခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည်။ ၁၉၂၂ ခုနှစ်၊ ဗဟန်းအမျိုးသားကောလိပ်မှ ဘီအေဘွဲ့ရပြီး မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်း (ယခု အထက–၂)ကျောင်းအုပ်ဆရာကြီးအဖြစ် ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကူးစက်လာသည့်တိုင် တာဝန်ယူ၍ လွတ်လပ်ရေးတိုက်ပွဲဝင် တိုင်းပြည်သားကောင်းများစွာကို မွေးထုတ်ပေးခဲ့သူအဖြစ် ထင်ရှားသည်။ မန္တလေးဗဟိုအမျိုးသား ကျောင်းကြီးကို အလွန်သံယောဇဉ်ကြီး၍ လက်ထပ်သောနေ့က ဇနီးဖြစ်သူဒေါ်ခင်ခင်အား "ကျုပ်အမေနဲ့ ကျုပ်ကျောင်းကိုတော့ မပုတ်ခတ်နဲ့၊ တခြားဘာမဆို လုပ်နိုင်တယ်"ဟု ပြောခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်များ၏ ဖမ်းဆီးခံရစဉ် တပည့်များက စွန့်စွန့်စားစားလုယက်ကယ်ဆယ်မည့် အစီအစဉ်ကို လက်မခံဘဲ အတူအဖမ်းခံရသူများနှင့် သေအတူ ရှင်မကွဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ မွတ်စလင်အသင်းကြီး၏ ဥက္ကဋ္ဌ၊ အထက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖဆပလ အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရ၍ မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ ရဟန်းရှင်လူအားလုံး၏ လေးစားယုံကြည်ခြင်းခံရသူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသား စီမံကိန်းဌာနဝန်ကြီး တာဝန်ထမ်းဆောင်နေစဉ် လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ရပါသည်။

## အာဇာနည်ခေါင်းဆောင်ကြီး
## ဦးရာဇတ်

၁၈၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် တနင်္လာနေ့တွင် မိတ္ထီလာမြို့၌ ဖွားသည်။ အဖ ရဲဝန်ထမ်း တိုက်ပိုင် အင်စပက်တာ (Circle Inspector of Police) မစ္စတာ အေ၊ ရာမန်၊ အမိ ဒေါ်ငြိမ်းလှဖြစ်သည်။ ဖခင်မှာ အစ္စလာမ်ဘာသာဝင်၊ မိခင်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ မွေးချင်း ၁၃ ယောက်တွင် တတိယမြောက်ဖြစ်သည်။ ဆွေမျိုးသားချင်းများက "ဘာဘူကြီး"၊ "ကိုကိုလေး"ဟုခေါ်ဝေါ်ကြသည်။

ငယ်စဉ်ကပင် မိခင်ထံမှ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို လက်ခံရရှိသည်။ မန္တလေးနန်းရှေ့ ရွှေကျောင်းဆရာတော် ဦးသီလဝံသထံ ပညာဆည်းပူးခဲ့သည်။ အသက် ၆ နှစ်အရွယ် ၁၉၀၄ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီယန်မိန်းကလေးကျောင်း၌ စတင်ပညာသင်သည်။ ၄တန်းအောင်လျှင် ဝက်စလီယန် ယောကျ်ားကလေး အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ရာ ၈တန်းတွင် ပညာထူးချွန်၍ ၉ တန်းကို ကျော်ကာ တက္ကသိုလ်ဝင်တန်း ဖြေဆိုခဲ့ရသည်။ ၁၉၁၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် ဒုတိယနှစ်၌ အင်္ဂလိပ်စာစီကုံးပြိုင်ပွဲ ပထမရ၍ ဘိုင်မျှား ရွှေတံဆိပ် ရရှိခဲ့သည်။ ၁၉၁၆ ခုနှစ်၊ ဝိဇ္ဇာပထမနှစ်တွင် စာမေးပွဲဖြေနေစဉ် အခြားကျောင်းသားများကို အဖြေကူညီရေးပေးရာမှ သူငယ်ချင်း ခင်မောင်လတ် (နောင် ဖြန့်ဖြူးရေးမင်းကြီး ဦးခင်မောင်လတ်)နှင့်အတူ စာမေးပွဲဖြေခွင့် ၂ နှစ် အပိတ်ခံရသည်။ ၁၉၁၉ ခုနှစ်တွင် ကျောင်းပြန်တက်ရာ ဘီအေနောက်ဆုံးနှစ်၌ ပထမတက္ကသိုလ်ကျောင်းသားသပိတ် (ဘွိုင်းကောက်)၌ ပါဝင်ခဲ့သည်။

၁၉၂၂ ခုနှစ်တွင် ဗဟန်းအမျိုးသားကောလိပ်မှ B.A (Nat)ဘွဲ့ရသည်။ ဘွဲ့ရပြီး မန္တလေးမြို့ ဗဟိုအမျိုးသားကျောင်းတွင် ပါဠိနှင့် အင်္ဂလိပ်ဘာသာပြ အထက်တန်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ အမျိုးသားကျောင်းများ အထောက်အပံ့ ခံယူပြီး ဗဟိုအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူခဲ့သည်မှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသားအစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်း ဝန်ကြီးရာထူး လက်ခံရသည့်တိုင် ဖြစ်သည်။

ဆရာကြီး ဦးရာဇတ်၏ ဦးဆောင်မှုဖြင့် မန္တလေးဗဟိုအမျိုးသားကျောင်းသည် ရန်ကုန်မြို့မအထက်တန်းကျောင်းပြီးလျှင် အအောင်မြင်ဆုံး စံပြအမျိုးသားကျောင်းကြီးအဖြစ်

သတ်မှတ်ခံရသည်။ အထူးသဖြင့် ပညာရေးသက်သက်သာမက တိုင်းပြည်လွတ်လပ်ရေးအတွက် အထက်မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံ့သားကောင်းအများဆုံး မွေးထုတ်ရာ အမျိုးသားကျောင်းကြီးအဖြစ် ထင်ရှားသည်။ မန္တလေးဗဟိုအမျိုးသားကျောင်းကြီးတွင် တူညီဝတ်စုံများ စနစ်တကျ ဝတ်ဆင်စေခြင်း၊ ကျောင်းသားများ အင်္ဂလိပ်စကားပြော ကျွမ်းကျင်ရန် Lock-Keeper System သတ်မှတ်ပေးခြင်း၊ ကျောင်းသားများ အားကစားထူးချွန်ရန် လက်ဝှေ့သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မြန်မာစာပေနှင့် မဟာဂီတ နားလည်ရန် ဆရာကြီး ရွှေပြည်ဦးဘတင်၏ သင်တန်းဖွင့်ပေးခြင်း၊ တူညီဝတ်စုံများနှင့် ရဲတပ်၊ ရဲညွန့်တပ်၊ ဘင်ခရာတီးဝိုင်းများ ဖွဲ့စည်းပေးသည့်အပြင် ပါဠိနှင့် အင်္ဂလိပ်ဘာသာကို ကိုယ်တိုင်သင်ကြားပေးခဲ့သည်။ ကိုလိုနီခေတ်အတွင်း ကျောင်းသားများအား လက်ရုံးရည်၊ နှလုံးရည်၊ အားကစား၊ ဂီတဘက်စုံတတ်မြောက်စေရုံမျှမက လွတ်လပ်ရေးတိုက်ပွဲဝင် သားကောင်းများ မွေးထုတ်ပေးသည့် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် အလွန်ထင်ရှားသည်။

၁၉၃၀-၃၁ ခုနှစ် မန္တလေး ဥပစာကောလိပ် ဆက်လက်ဖွင့်လှစ်ရေး၊ ၁၉၃၆ ခုနှစ် ဒုတိယတက္ကသိုလ်ကျောင်းသားသပိတ်၊ ၁၉၃၈ ခုနှစ် တတိယတက္ကသိုလ်ကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံတို့တွင် နောက်ကွယ်မှ အကြံပေး၍ ကူညီပံ့ပိုးပေးခဲ့သည်။ ၁၉၃၆ ခုနှစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဒုတိယအကြိမ်ညီလာခံကို ဗဟိုအမျိုးသားကျောင်းတွင် ကျင်းပခွင့်ပေးခဲ့သည်။ ထိုညီလာခံကို ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းနှင့်အတူ အိန္ဒိယကွန်ဂရက် ခေါင်းဆောင် ပဏ္ဍစ်ဂျဝါဟာလာနေရူးနှင့် သမီး အင်ဒီရာတို့ တက်ရောက်ခဲ့သည်။

ဆရာကြီး ဦးရာဇတ်သည် အင်္ဂလိပ်စာ အရေးအသားကောင်း၍ စာနယ်ဇင်းများတွင် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ စစ်မဖြစ်မီ မန္တလေး သူရိယသတင်းစာတွင် မောရစ်ကောလစ်ရေးသော "ထရိုင်ရယ်အင်ဘားမား" (Trials in Burma)စာအုပ်မှ အခန်းတစ်ခန်းကို "ကင်မရွန်းတပ်မှ စစ်ဗိုလ်ကလေး" အမည်ဖြင့် ဘာသာပြန်ခဲ့သည်။ ထိုဘာသာပြန်ကို တပည့်ဖြစ်သူ မအမာ(လူထုဒေါ်အမာ)အား ဆက်လက်ဘာသာပြန်ဆိုစေခဲ့သည်။

အက်ဖ်တင်နီဆင် ဂျက်ဆီရေး "လက်ကား လေဒီ" (ယွန်းခင်ခင်)ဝတ္ထုတွင် သီပေါမင်းနှင့် စုဖုရားလတ်တို့အား ဂုဏ်သရေပျက်ရန် ရည်ရွယ်၍ အင်္ဂလိပ်-မြန်မာစစ်ဖြစ်ရသည်

မှာ မြန်မာတို့အပြစ်ဟု ရေးသားခဲ့ရာ ထိုဝတ္ထုကို ချေပသည့်အနေဖြင့် မန္တလေးသူရိယ သတင်းစာ၌ ၁၉၂၉ ခုနှစ်က "ရွှေနန်းတော်ကြီး၏ အတွင်းရေးများ (သို့မဟုတ်) လက်ထက်တော်ကြီးအချိန်က အရေးအခင်းများ" စာတမ်းရေးသားခဲ့ပါသည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်မီး ကူးစက်လာချိန်တွင် မင်းကွန်းအလယ်တောရချောင်၌ မိသားစုနှင့်အတူ စစ်ပြေးခိုလှုံသည်။ ၁၉၄၂ ခုနှစ် မေလ ၁ ရက် မန္တလေးမြို့ကို ဂျပန်တို့ သိမ်းပိုက်ပြီး မန္တလေးမြို့ ပြန်လည်ထူထောင်ရေး ချယ်ယာမင်အဖြစ် ခန့်အပ်ခံရသည်။ ဗုံးဒဏ်ကြောင့် မင်းကွန်းတွင် ပြန်လည်နေထိုင်နေစဉ် ဗိုလ်မှူးဖိုးကွန်းမှတစ်ဆင့် တပ်မတော်ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ ဖိတ်ခေါ်မှုရခဲ့သည်။ ဖိတ်ခေါ်မှုကို လက်ခံပြီး နောက်တစ်နေ့ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၇ နာရီတွင် ဂျပန်စစ်တပ်၏ ဖမ်းဆီးခြင်းခံရသည်။ ဆရာကြီးနှင့်အတူ လူပေါင်း ၁၈ ယောက် အဖမ်းခံရပြီး ဂျပန်ကင်ပေတိုင်၏ စစ်ဆေးခြင်းခံရသည်။ စစ်ကိုင်းမြို့အချုပ်ခန်းတွင် စစ်ဆေးပြီး ရွှေဘိုထောင်နှင့် မန္တလေးထောင်တို့တွင် အကျဉ်းချထားသည်။ ရွှေဘိုထောင်တွင် အကျဉ်းချခံထားရစဉ် ဆရာကြီး၏ တပည့်ဖြစ်သူ ဗိုလ်ကြီးခင်ညို၊ တပည့်ဟောင်း ကိုချစ်ဆွေ(နောင်ဆရာကြီး ဦးရာဇတ်၏ အပါးတော်မြဲ ဦးချစ်ဆွေ)တို့က ထောင်မှူးနှင့် ညှို၍ ခိုးထုတ်ရန် စီစဉ်သည်ကို လက်မခံဘဲ အတူအဖမ်းခံရသူများကို ချန်မထားနိုင်ဟု ငြင်းဆန်ခဲ့သည်။ မန္တလေးနန်းတွင်းထောင်ကို မဟာမိတ်များ ဗုံးကြဲပြီးနောက် ၁၉၄၅ ခုနှစ်၊ မတ်လ ၉ ရက်တွင် မန္တလေးထောင်က အကျဉ်းသားများ လွှတ်ပေးရာမှ လွတ်မြောက်ခဲ့သည်။ ဖက်ဆစ် အကျဉ်းသားအဖြစ် ရက်ပေါင်း ၁၉၁ ရက်တိတိ ခံစားခဲ့ရသည်။

ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ်တွင် ဖွဲ့စည်းသော အထက်ဗမာပြည်လုံးဆိုင်ရာ ဖတပလ (ဖဆပလ)အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှ ၂၆ ရက်အထိ ပျဉ်းမနားမြို့တွင် ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ မြန်မာ–မွတ်စလင် ကွန်ဂရက်၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ မြန်မာ–မွတ်စလင်ကွန်ဂရက်က မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ထောက်ခံခဲ့သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် ရန်ကုန်မြို့၌ ကျင်းပသော ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလညီလာခံကို မန္တလေးခရိုင် ဖဆပလ ဥက္ကဋ္ဌအဖြစ် တက်ရောက်သည်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ၌ မန္တလေးမြို့အရှေ့ပိုင်းမှ

ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသားအစိုးရအဖွဲ့၌ ပညာရေးနှင့်အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခံရသည်။

ပညာရေးဝန်ကြီးအဖြစ် မန္တလေးမြို့တွင် ဥပစာကောလိပ်ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အထက်မြန်မာပြည် သီးခြားတက္ကသိုလ်ဖြစ်ရေးအတွက် ရန်ကုန်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေသော ဦးကိုလေး (နောင် မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ၊ စာရေးဆရာ ဇေယျာမောင်) ကို ရွေးချယ်တာဝန်ပေးအပ်သည်။ ၁၉၄၇ ခုနှစ်၊ မေလ ၂၉ ရက်တွင် ဦးကိုလေးသည် မန္တလေးဥပစာကောလိပ် ကျောင်းအုပ်ကြီးအဖြစ် အလုပ်စတင်ဝင်ရောက်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်တွင် မန္တလေးဥပစာကောလိပ် (မန္တလေးတက္ကသိုလ်)ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မန္တလေး ဥပစာကောလိပ်တွင် ပထမဦးဆုံး ဆောက်လုပ်ခဲ့သည့် အဆောင်ကို နောင်အခါ ဆရာကြီးဦးရာဇတ်ကို ဂုဏ်ပြုသောအားဖြင့် ရာဇတ်ခန်းမဆောင် (Razak Hall)ဟု အမည်ပေးခဲ့သည်။

ပညာရေးဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ် ၁၉၄၇ ခုနှစ်၊ ဇွန်လတွင် အိန္ဒိယနိုင်ငံ မဒရပ်မြို့၌ ကျင်းပသော အာရှညီလာခံကို တက်ရောက်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်၍ သားသမီး ၃ ဦး(ကိုတင်မြင့်၊ မခင်စိန်၊ ကိုလှကြည်)ထွန်းကားသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မသမာသူတို့၏ လုပ်ကြံမှုကြောင့် တိုင်းပြည်အတွက် အသက်စွန့်လှူတ်ခဲ့ရပါသည်။

■ ■ ■



ဦးဘဝင်း (၁၉၀၁ - ၁၉၄၇)

## ဦးဘဝင်း

(၁၉၀၁–၁၉၄၇)

ဗိုလ်ချုပ်ဦးဆောင်သော ကြားဖြတ် ယာယီအမျိုးသားအစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေး၌ ဗိုလ်ချုပ်နှင့်အတူ လုပ်ကြံခံရသည့် အာဇာနည်ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။ ကိုလိုနီခေတ် အင်္ဂလိပ်စာသင်ကျောင်း မရှိသော နတ်မောက်မြို့ကလေးမှ ကိုယ့်ထူးကိုယ်ချွန်စိတ်ဓာတ်ဖြင့် ခေတ်ပညာရှာ မှီးခဲ့သူ။ မန္တလေး ဥပစာကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြား၍ ဘီအက်စ်စီသိပ္ပံဘွဲ့ကို သင်္ချာဂုဏ်ထူး ဒုတိယတန်းဖြင့် အောင်မြင်ခဲ့သည်။ ဘွဲ့ရပြီး အနစ်နာခံ အမျိုးသားကျောင်းဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုကာ ညီငယ် ကိုအောင်သန်း၊ ကိုအောင်ဆန်းတို့ကို တက္ကသိုလ်ပညာတတ်များ ဖြစ်လာစေရန် လမ်းညွှန်ထိန်းကျောင်းခဲ့သူ။ တည်ကြည်ဖြောင့်မတ်သူ၊ လူတော်လူကောင်းအဖြစ် မိသားစု၊ ရပ်ရွာမြို့နယ်ကို ကျော်လွန်ကာ နိုင်ငံသိ အသိအမှတ်ပြုခံရသည်။ စစ်ပြီးစ ရေနံချောင်းမြို့နယ် ဖဆပလအဖွဲ့ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေစဉ် ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်းတို့၏ မေတ္တာ ရပ်ခံမှုဖြင့် ဗိုလ်ချုပ် ဦးဆောင်သော ယာယီအမျိုးသားအစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးတာဝန် ထမ်းရွက်ခဲ့ရသည်။ ဝန်ကြီးတာဝန်ယူပြီး ၁ လနှင့် ၂၂ ရက်ကြာ ၁၉၄၇ ခု၊ ဇူလိုင် ၁၉ ရက် စနေ့နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ညီဖြစ်သူ ဗိုလ်ချုပ်အပါအဝင် လုပ်ဖော်ကိုင်ဖက် ဝန်ကြီး ၆ ဦးနှင့်အတူ မသမာသူ လူသတ်သမားများ၏ လုပ်ကြံမှုဖြင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပါသည်။

**အာဇာနည်ခေါင်းဆောင်ကြီး**

**ဦးဘဝင်း**

၁၉၀၁ ခုနှစ် ဇွန်လ ၁၁ ရက် အင်္ဂါနေ့တွင် မကွေးခရိုင်၊ နတ်မောက်မြို့တောင်ရွာကြီး (ယခု အောင်ဆန်းရပ်)၌ ဖွားသည်။ အဖ တောင်သူလယ်သမားမျိုးရိုး တတိယတန်း ရှေ့နေ ဦးဖာ၊ အမိ ဒေါ်စုဖြစ်သည်။ မွေးချင်း ၉ ဦးတွင် တတိယမြောက်။ ငယ်မည် မောင်စန်းတင် ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို အကြီးဆုံးဖြစ်သည်။

အသက် ၆ နှစ်တွင် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက် ဘုန်းတော်ကြီး ဦးသောဘိတ၏ မြန်မာစာသင်ကျောင်း၌ စတင်ပညာသင်ယူသည်။ ဦးသောဘိတမှာ မိခင်ဘက်မှ ဘကြီးတော်စပ်သည်။ ၁၃ နှစ်တွင် ဦးသောဘိတ မြန်မာစာသင်ကျောင်းမှ မြန်မာ ၇ တန်းအောင်သည်။ ထို့နောက် တောင်တွင်းကြီးမြို့ ဘုန်းတော်ကြီး ဦးသုန္ဒရ၏ မြန်မာအထက်တန်းကျောင်း၌ ပညာဆက်လက်သင်ယူသည်။ ၁၉၁၆ ခုနှစ် ၁၅ နှစ်အရွယ်တွင် မြန်မာ ၉ တန်းအောင်သည်။ ၉ တန်းအောင်ပြီး အလယ်တန်း မြန်မာဆရာအဖြစ် သင်တန်းတက်၍ နတ်မောက်မြို့၌ ကျောင်းဆရာအဖြစ် ခေတ္တဆောင်ရွက်သည်။

ခေတ်အခြေအနေအရ အင်္ဂလိပ်စာ သင်ယူရန် စိတ်အားထက်သန်၍ အင်္ဂလိပ်စာ သင်ယူနိုင်ရန် ရေနံချောင်းမြို့ ဆရာဦးဟံသာ စာသင်ကျောင်း၌ လက်ထောက်ဆရာ အဖြစ် ပြောင်းရွှေ့လုပ်ကိုင်သည်။ ညပိုင်းတွင် အင်္ဂလိပ်စာ အလွတ်သင်ယူသည်။ ထို့နောက် ဘီအိုစီ ရေနံကုမ္ပဏီ၌ စာရေးအဖြစ် အမှုထမ်း၍ ညပိုင်း အင်္ဂလိပ်စာ ဆက်လက် သင်ယူသည်။ လခ ၁၀၀ ကျပ်ရရာ လစာတစ်ဝက်ကို မိဘထံ ပြန်လည် ထောက်ပံ့သည်။

၁၉၂၃ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ၁၀ တန်းစာမေးပွဲဖြေဆိုရန် ဘီအိုစီရေနံကုမ္ပဏီမှ အလုပ်ထွက်သည်။ ၁၉၂၃-၂၄ တွင် ရေနံချောင်းအမျိုးသားကျောင်း၌ ၁၀ တန်းပညာ သင်ယူသည်။ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးအေးမောင်၏ ထောက်ပံ့မှုဖြင့် ၁၀ တန်း ဖြေဆိုရာ ၃ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၀ တန်းအောင်ပြီး ရေနံချောင်းအမျိုးသားကျောင်း၌ သင်္ချာဆရာအဖြစ်ဆောင်ရွက်သည်။ ၁၉၂၅ ခုနှစ်တွင် မန္တလေးမြို့၌ ဥပစာကောလိပ်စတင်ဖွင့်ရာ တက္ကသိုလ်ပညာဆက်လက်ဆည်းပူးရန် ပိုမိုလွယ်ကူသွားသည်။ ၁၉၂၆–၂၈ တွင် မန္တလေး ဥပစာကောလိပ်၌ သိပ္ပံဥပစာတန်း တက်ရောက်သည်။ ၁၉၂၈ ခုနှစ်တွင် သိပ္ပံဥပစာ စာမေးပွဲကို သင်္ချာဂုဏ်ထူးဖြင့်အောင်၍ အစိုးရစကောလားရှစ်ရသည်။ ၁၉၂၈–၃၀ တွင် ရန်ကုန်တက္ကသိုလ်၌ သင်္ချာဂုဏ်ထူးတန်း ဆက်လက်ပညာဆည်းပူးသည်။ ၁၉၃၀ ပြည့်နှစ်တွင် သင်္ချာဂုဏ်ထူးတန်း ဒုတိယတန်းဖြင့် ဘီအက်စ်စီ (သိပ္ပံ)ဘွဲ့ရသည်။ နတ်မောက်မြို့မှ ပထမဦးဆုံး တက္ကသိုလ် ဘွဲ့ရတစ်ဦးအဖြစ် မှတ်တမ်းတင်ခံရသည်။

ငယ်စဉ်ကပင် ပညာလိုလားစိတ် ထက်သန်၍ စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ဘီအိုစီရေနံကုမ္ပဏီတွင် တာဝန်ထမ်းဆောင်စဉ်နှင့် မန္တလေးဥပစာကောလိပ်တွင် ပညာသင်ကြားနေစဉ် မတရားမှုများကြုံလာပါက ခေါင်းငုံ့မခံဘဲ ရင်ဆိုင်ဖြေရှင်းလေ့ရှိသည်။ တည်ကြည်ဖြောင့်မတ်၍ ညီငယ်များ၏ ပညာရေးကို ဦးစားပေးအနစ်နာခံခဲ့သည်။ သိပ္ပံဘွဲ့ရပြီး လခကောင်း၍ တက်လမ်းရှိသော အစိုးရဝန်ထမ်းမလုပ်ဘဲ အမျိုးသားကျောင်းဆရာဘဝကို ခံခံမင်မင်ထမ်းဆောင်သည်။ ရေနံချောင်းအမျိုးသားကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဆောင်ရွက်၍ ညီငယ် ကိုအောင်သန်းနှင့် ကိုအောင်ဆန်းတို့ကို ရန်ကုန်တက္ကသိုလ်ဆက်လက်ပညာသင်ရန် ကူညီထောက်ပံ့ခဲ့သည်။

မိခင် ဒေါ်စု၏ စီမံမှုဖြင့် ၁၉၃၆ ခုနှစ်တွင် တောင်တွင်းကြီးမြို့ ရှေ့နေဦးအံ့၊ ဒေါ်ရွှေမေတို့၏သမီး မခင်စောနှင့် လက်ထပ်ခဲ့သည်။ ၁၉၄၁–၄၂ တွင် ဖြူးမြို့ အမျိုးသားကျောင်း၌ ကျောင်းအုပ်ဆရာကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

ဂျပန်ခေတ် ၁၉၄၂–၄၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့၊ ထို့နောက် နတ်မောက်မြို့ ပြောင်းရွှေ့နေထိုင်သည်။ ၁၉၄၃ ခုနှစ်တွင် နတ်မောက်မြို့အုပ်ချုပ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခံရသည်။ စစ်ပြီးတွင် ရေနံချောင်းပြန်၍ အလွတ်ပညာသင်ကျောင်းဖွင့်လှစ်သည်။ မြန်မာနိုင်ငံအရေး အခြေအနေအရ ဖဆပလအဖွဲ့ကြီး၏ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်နေသည့် ညီငယ်ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေး

တိုက်ပွဲလုပ်ငန်းများကို ကူညီသောအားဖြင့် ရေနံချောင်းဖဆပလဥက္ကဋ္ဌ တာဝန်ယူသည်။ ရေနံချောင်း ဖဆပလအတွင်းရေးမှူးမှာ ပြည်သူ့ရဲဘော်ခေါင်းဆောင်ဗိုလ်ကျား(ရေနံမြေ) ဖြစ်သည်။

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်တွင် ကျင်းပသော တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၌ မကွေးအနောက်မြောက် မဲဆန္ဒနယ် (ရေနံချောင်းနယ်)မှ ဖဆပလ အမတ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၄၇ မေလ ၁၂ ရက်တွင် ဗိုလ်ချုပ်ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသားအစိုးရအဖွဲ့၊ ထောက်ပံ့ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ကြီးဦးဘဘေ(ဘကြီးဘဘေ)ရာထူးမှ နုတ်ထွက်သွားသည်။ ဖဆပလ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုသည် ဦးဘဝင်းထံ လစ်လပ်သွားသော ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရာထူး လက်ခံဆောင်ရွက်ပေးရန် ကြေးနန်းဖြင့် မေတ္တာရပ်ခံခဲ့သည်။ သခင်နု၏ ကြေးနန်းကို ရေနံချောင်းမြို့နယ် ဖဆပလ အတွင်းရေးမှူး ဗိုလ်ကျား (ရေနံမြေ)က လက်ခံဖတ်ရှုပြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ကြယ်နီရောင်ကိုမောင်ကိုနှင့် တိုင်ပင်၍ ဦးဘဝင်း၏ သဘောထားကို မယူဘဲ ဖဆပလ အဖွဲ့ချုပ်၏ ဆန္ဒအတိုင်း ဆောင်ရွက်ရန် လွှဲအပ်ကြောင်း ကြေးနန်းပြန်ပို့ခဲ့သည်။ ကြေးနန်းပို့ပြီးမှ ဦးဘဝင်း သိရှိရာ ရာထူးလက်မခံလိုသော်လည်း ရေနံချောင်းဖဆပလအဖွဲ့၏ ဆန္ဒအရ ဝန်ကြီးရာထူးကို သဘောတူခဲ့ရသည်။

၁၉၄၇ ခုနှစ်မေလ ၂၇ ရက်တွင်ဗိုလ်ချုပ်ဦးဆောင်သည့်ကြားဖြတ်ယာယီအမျိုးသားအစိုးရအဖွဲ့၌ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးရာထူးလက်ခံ၍ ကျမ်းသစ္စာ ကျိန်ဆိုသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်တွင် ကျင်းပသော ပထမအကြိမ် တိုင်းပြု ပြည်ပြုလွှတ်တော် ညီလာခံတက်ရောက်ခဲ့သည်။ ညီလာခံနောက်ဆုံးနေ့ ဇွန်လ ၁၈ ရက်တွင် အခြေခံဥပဒေရေးဆွဲရေးကော်မတီဝင် ၅၅ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ထောက်ပံ့ရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးရာထူးလက်ခံပြီး ၁ လနှင့် ၂၂ ရက်အကြာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့

အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်ဦးဆောင်၍ ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် လူသတ်သမားတို့၏ လုပ်ကြံမှုဖြင့် ညီငယ်ဗိုလ်ချုပ်အပါအဝင် လုပ်ဖော်ကိုင်ဖက် ဝန်ကြီး ခြောက်ဦး၊ အတွင်းဝန် တစ်ဦး၊ သက်တော်စောင့် တစ်ဦးတို့နှင့်အတူ ကျဆုံးခဲ့ရသည်။

ကျဆုံးချိန် ဇနီး ဒေါ်ခင်စောနှင့် သားသမီး ခြောက်ဦး (မတင်လှဝင်း၊ မောင်စောဝင်း၊ မောင်အေးဝင်း၊ မခင်မြဝင်း၊ မောင်စိန်ဝင်း (ဒေါက်တာစိန်ဝင်း)နှင့် မောင်ထွေးဝင်းတို့ ကျန်ရစ်သည်။

■ ■ ■




မန်းဘခိုင် (၁၉၀၃ - ၁၉၄၇)

# မန်းဘခိုင်

(၁၉၀၃–၁၉၄၇)

ဗိုလ်ချုပ်ဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့တွင် အလုပ်သမားနှင့် စက်မှုလက်မှုဌာန ဝန်ကြီးတာဝန်ထမ်းဆောင်နေစဉ် ဗိုလ်ချုပ်နှင့်အတူ လုပ်ကြံခံရသည့် ကရင်အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည်။ ၁၉၃၆–၄၂ ခုနှစ်၊ ၉၁ ဌာနအုပ်ချုပ်ရေးခေတ် ပုသိမ်မြောက်ပိုင်း အောက်လွှတ်တော် ဥပဒေပြုအမတ်၊ နန်းရင်းဝန် ဦးစော ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရ၊ တရားဝန်ကြီးစောဖေသာ၏ ကိုယ်ရေးအတွင်းဝန်၊ ၁၉၄၅ မတ်လ ဖက်ဆစ်တော်လှန်ရေးတွင် ဟင်္သာတနယ်မှ ဦးဆောင်စည်းရုံးရေး ခေါင်းဆောင်၊ စစ်ပြီးခေတ် ဗိုလ်ချုပ်ဦးဆောင်သည့် ဖဆပလ ဗဟိုအလုပ်အမှုဆောင်၊ မြစ်ဝကျွန်းပေါ် ဖဆပလ စည်းရုံးရေး တာဝန်ခံ၊ ကရင် အမျိုးသားအဖွဲ့ (ကေစီအို) နောင် ကရင်အမျိုးသားအဖွဲ့ချုပ် (ကေအင်န်ယူ) ဗဟိုဦးစီးအဖွဲ့ဝင်၊ ကရင်လူငယ်အစည်းအရုံး(ကေဝိုင်အို) ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ဦးဆောင်သည့် ယာယီ အမျိုးသားအစိုးရ၊ အလုပ်သမားနှင့်စက်မှုလက်မှုဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စိတ်ဝင်စားဖွယ်ဖြစ်ရပ်မှာ ၁၉၄၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်တွင် ဟင်္သာတရောက်နေသော တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးသခင်အောင်ဆန်းကို ဇွန်လ ၁ ရက်က ဇလွန်မြို့ ဒေါင့်ကြီးရွာတရားပွဲ၌ အစိုးရ အကြည်ညို ပျက်အောင် ဟောပြောမှုဖြင့် ဟင်္သာတစီရင်စု ရာဇတ်ဝန် ဓာဗီးယားက ဆုငွေ ၅ ကျပ် ဝရမ်းထုတ်ခဲ့သည်။ သခင်အောင်ဆန်းနှင့် သခင်တင်မောင်(ကျုံမငေး) တို့ အဖမ်းမခံရအောင် ဟင်္သာတ ရာဇဝတ်ဝန်ထောက်ဦးလှတော၏ ဇနီး မာရီလှတော ခေါ် ဒေါ်ခင်ခင်ဦး၏ ကူညီမှုဖြင့် ယုန်သလင်းရွာ ကရင်အမျိုးသားမန်းဘခိုင်က ရန်ကုန်အရောက် ငှက်ပျောလှေဖြင့် လျှို့ဝှက်ပို့ပေးခဲ့ခြင်းပင် ဖြစ်သည်။

## အာဇာနည်ခေါင်းဆောင်ကြီး
## မန်းဘခိုင်

၁၉၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် တနင်္လာနေ့တွင် မြစ်ဝကျွန်းပေါ် ဟင်္သာတ မြို့နယ် ယုန်သလင်းရွာ၌ ဖွားသည်။ အဖ ယုန်သလင်းရွာသူကြီး မြေပိုင်ရှင် ဦးမန်းပေကုန်း၊ အမိ ဒေါ်ပုဖြစ်သည်။ မွေးချင်း ၅ ဦးတွင် ဒုတိယမြောက်သားဖြစ်သည်။ ညီဖြစ်သူ မန်းဘဆိုင်မှာ ဖဆပလခေတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ထင်ရှားသည်။

ဟင်္သာတမြို့ အေဘီအမ်စာသင်ကျောင်း၌ စတင်ပညာသင်သည်။ ၁၉၂၀ ပြည့်နှစ်တွင် သတ္တမတန်းအောင်သည်။ ဝါသနာအရ ဘားမားရိုင်ဖယ်စစ်တပ်ထဲဝင်ရာ မိဘများ သဘောမတူ၍ တပ်မှ ထွက်ခဲ့ရသည်။ ထို့နောက် ရန်ကုန်မြို့ အေစကော့ဘီလပ်ရည် ကုမ္ပဏီတွင် အလုပ်ဝင်သည်။

၁၉၂၃ ခု ဧပြီလ ၂ ရက်တွင် ယုန်တလင်းရွာမှ မန်းဘိုးညွန့်နှင့် ဒေါ်နန်းကီးတို့၏ သမီး နမ့်အေးလုံ(မအေးလုံ)ခေါ် နမ့်စိန်ကြည်နှင့် လက်ထပ်သည်။ သားသမီး ၈ ဦး ထွန်းကားသည်။

၁၉၂၆ ခုနှစ်တွင် ရန်ကုန်မြို့ အေးစကော့ကုမ္ပဏီ၌ လစာ ၂၅၀ ဖြင့် လက်ထောက် မန်နေဂျာအဖြစ် အမှုထမ်းသည်။ ထိုစဉ် ကရင်အမျိုးသား စာရေးတစ်ယောက်နှင့် ပတ်သက်ပြီး ကုမ္ပဏီအရာရှိ မစ္စတာလစ်ဗင်းစတုံးက ကရင်လူမျိုးအားလုံးကို သိမ်းကျုံးစော်ကားသော စကားကြားရရာ မကျေနပ်၍ ကုမ္ပဏီမှနုတ်ထွက်ခဲ့သည်။ ဇာတိ ဟင်္သာတ ယုန်သလင်းရွာပြန်ပြီး ညီအစ်ကိုများ စုပေါင်းကာ "အောင်ခင်ဘရားသား ရုပ်ဆိုင်" တည်ထောင်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ကြယ်တာရာကားလိုင်း တည်ထောင်သည်။ လူမှုရေးအနေဖြင့် လူငယ်များအတွက် ကရင်စာသင်ကျောင်း တည်ထောင်၍ ကိုယ်တိုင်စီမံအုပ်ချုပ်သည်။ ရန်ကုန်ရှိ ကရင်အမျိုးသားခေါင်းဆောင် ဆစ်ဒနီလူနီ၊ သရာရွှေဘတို့နှင့် ဆက်သွယ်ပြီး မြစ်ဝကျွန်းပေါ် မြို့ရွာများတွင် မွန်၊ ကရင်အသင်းအဖွဲ့များ တည်ထောင်သည်။ ယုန်သလင်းရွာ ငွေစု ငွေချေး သမဝါယမအသင်းကိုလည်း ဦးဆောင်တည်ထောင်သည်။ မြစ်ဝကျွန်းပေါ် ကရင် အမျိုးသားများအတွက် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်သည်။

၁၉၃၆ ခု၊ နိုဝင်ဘာလ ၉၁ ဌာန အုပ်ချုပ်ရေးသစ် ရွေးကောက်ပွဲ၌ မအူပင် မြောက်ပိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်သည်။ ကရင်အမျိုးသား မန်းထွန်းခင်နှင့်ယှဉ်ပြိုင် ရွေးကောက်ခံရာ ရှုံးနိမ့်ခဲ့သည်။ ၁၉၃၇ ခု ဖေဖော်ဝါရီလ ၂၅ ရက်တွင် ပုသိမ် မြောက်ပိုင်း ကရင်လူမျိုးစုနယ်မှ အောက်လွှတ်တော်ဥပဒေပြုအမတ် ကရင်

အမျိုးသား သရာရွှေဘကို ဘုရင်ခံက အထက်လွှတ်တော်အမတ်အဖြစ် ခန့်အပ်ခဲ့သည်။ ထိုလစ်လပ်သွားသော နေရာအတွက် ၁၉၃၇ ခု မေလ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ထပ်မံကျင်းပရာ မန်းဘခိုင်အနိုင်ရ၍ ဥပဒေပြု အောက်လွှတ်တော်အမတ် ဖြစ်လာသည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ခု ဂျပန်ဝင်လာသည့်တိုင် အောက်လွှတ်တော် ဥပဒေပြုအမတ်အဖြစ် မြစ်ဝကျွန်းပေါ် ကရင်တိုင်းရင်းသားများ၏ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် ဟင်္သာတမှ ရန်ကုန်လှေဖြင့် ငှက်ပျောခိုင် ရောင်းချသည့် ငှက်ပျောကုန်သည်လုပ်ငန်း လုပ်ကိုင်သည်။

၁၉၃၈ ခုနှစ် မတ်လ ၂၃ ရက်တွင် ပဲခူးမြို့ သူဌေး ဦးအဖောက်၊ ဒေါ်သိန်းမေတို့၏ သမီးထွေး မခင်နီနှင့် ဒုတိယအကြိမ် အိမ်ထောင်ပြုသည်။ သားသမီး ၂ ဦး (မောင်စိန်ခိုင် နှင့် မမြင့်မြင့်ခိုင်)ထွန်းကားသည်။

၁၉၄၀ ပြည့်နှစ် ဇွန်လ ၁ ရက် ဟင်္သာတစီရင်စု ဇလွန်မြို့နယ် ဒေါင့်ကြီးတရားပွဲ၌ သခင်အောင်ဆန်းကို အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုဖြင့် ဟင်္သာတရာဇဝတ်ဝန် ဇာဗီးယား (D.W.Harrison Xavier)က ဇွန် ၂၉ ရက်စွဲနှင့် ရာဇဝတ်ပုဒ်မ ၁၂၄ (က)အရ ဆင္ဒေ ၅ ကျပ်ဖြင့် ဝရမ်းထုတ်သည်။ ထိုအချိန်တွင် သခင်အောင်ဆန်းသည် မြေအောက်လှုပ်ရှားမှု (ယူဂျီ)အတွက် ရန်ပုံငွေရှာရန် သခင်တင်မောင် (ကျုံမငေး) နှင့်အတူ ဒေါင့်ကြီးရွာ သခင်လှထွန်းထံ ရောက်နေသည်။ အဖမ်းမခံဘဲ ရန်ကုန်ပြန်ရန် စီစဉ်ရာ ရထားလမ်း၊ သင်္ဘောလမ်းများ၌ အစောင့်များ ချထားသည်နှင့် ကြုံရသည်။ နောက်ဆုံး သခင်တင်မောင်နှင့် ရင်းနှီးရာ ဟင်္သာတ ရာဇဝတ်ဝန်ထောက် ဦးလှတောထံ သွားရောက် အကူအညီတောင်းသည်။ ရာဇဝတ်ဝန်ထောက်ကတော် မာရီလှတော (ဒေါ်ခင်ခင်ဦး)ကိုယ်တိုင် ကားမောင်း၍ ယုံကြည်စိတ်ချရသည့် ယုန်သလင်းရွာ ကရင်အမျိုးသားမန်းဘခိုင်ထံ ပို့ဆောင်ပေးသည်။ မန်းဘခိုင်က သခင်အောင်ဆန်းနှင့် သခင်တင်မောင်ကို ငှက်ပျောလှေဖြင့် ရန်ကုန်အရောက် ပို့ဆောင်ပေးခဲ့သည်။

၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်တွင် ကျင်းပသည့် အောက်လွှတ်တော်အစည်းအဝေး၌ နန်းရင်းဝန်ဦးပုဦးဆောင်သော ညွန့်ပေါင်းအစိုးရသည် ဂဠုန်ဦးစော၏ အယုံအကြည်မရှိအဆိုဖြင့် ဖြုတ်ချခံရသည်။ စက်တင်ဘာ ၉ ရက်တွင် ဂဠုန်ဦးစောဦးဆောင်သည့် ညွန့်ပေါင်းအစိုးရတက်လာသည်။ နန်းရင်းဝန်ဦးစော၏ ညွန့်ပေါင်းအစိုးရတွင် ကရင်အမျိုးသား စောဖေသာ (၁၉၀၀-၁၉၄၂)သည် တရားရေးဝန်ကြီးဖြစ်လာသည်။ ၁၉၄၁ ခုနှစ်တွင် မန်းဘခိုင်သည် တရားရေးဝန်ကြီး စောဖေသာ၏ အတွင်းဝန်အဖြစ် ခန့်အပ်ခံရသည်။

ဂျပန်ခေတ် ၁၉၄၂-၄၄ တွင် ရန်ကုန် ပုဇွန်တောင် အေးတံတားအနီး ငှက်ပျောရွဲ လုပ်ငန်း လုပ်ကိုင်သည်။ ဗုံးဒဏ်ကြောင့် ဟင်္သာတ ယုန်သလင်းရွာ ပြောင်းရွှေ့နေထိုင်သည်။ ဟင်္သာတခရိုင် ဖက်ဆစ်တော်လှန်ရေးအတွက် ယုန်သလင်းအပိုင် ခမောက်စု ကျေးရွာရှိ မန်းဘခိုင်၏ နေအိမ်၌ ဗိုလ်အောင်မင်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်လှကြည်၊ ကိုမောင်ကြီး၊ ဟင်္သာတဦးမြတို့နှင့်အတူ စီစဉ်ဆောင်ရွက်သည်။ မန်းဘခိုင်၏ သား စချစ်ခင်ခိုင်သည် ဗိုလ်ခင်ဝင်းအမည်ဖြင့် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ရန်ကုန်မြို့ ဗဟန်းရပ် ကန်တော်ကြီးဇောင်း နေသူရိန်ကဇာတ်ရုံ၌ ဖတပလ အဖွဲ့ကြီးက ကြီးမှူး၍ လူထုအစည်းအဝေးကြီး ကျင်းပရာ နေသူရိန်ညီလာခံဟု အမည်တွင်သည်။ ထိုညီလာခံက ဖတပလကို ဖဆပလအမည်ပြောင်း၍ ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင် ၂၁ ဦးကို ၃၆ ဦးအထိ တိုးချဲ့ရာ သရာသာတိုနှင့်အတူ မန်းဘခိုင်သည် ကရင်အမျိုးသားကိုယ်စားပြု ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် ဖဆပလမြစ်ဝကျွန်းပေါ်စည်းရုံးရေးတာဝန်ခံအဖြစ် သခင်ဝတင်၊ ဦးဘဆွေ၊ ဟင်္သာတဦးမြတို့နှင့်အတူ စည်းရုံးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဦးလူနီလမ်း အိမ်နံပါတ် ၂၃ ၌ ကရင်အမျိုးသား ဗဟိုအဖွဲ့ (ကေစီအို)စတင်ဖွဲ့စည်းရာ မန်းဘခိုင်သည် အမှုဆောင်ကော်မတီဝင်ဖြစ်လာသည်။ ကေစီအိုက ကရင်လူငယ်များကို စုစည်းပြီး ကေဝိုင်အို ထပ်မံဖွဲ့စည်းသည်။ အသစ်ဖွဲ့စည်းသည့် ကေဝိုင်အို ဥက္ကဋ္ဌ စောထွန်းစိန်သည် ပြန်လည်ဖွဲ့စီးသည့် တပ်မတော်တွင် ပြန်လည်တာဝန်ထမ်းဆောင်ရာ မန်းဘခိုင်သည် ကေဝိုင်အို၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ အတွင်းရေးမှူးမှာ သရာသာထိုဖြစ်သည်။

၁၉၄၆ ခုနှစ် မတ်လ ၂၀ မှ ၂၈ ရက်အထိ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ တောင်တန်းတိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရာ ဖဆပလ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား သခင်နု၊ ဦးဘဂျမ်းတို့နှင့်အတူ ဖဆပလကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ပင်လုံအစည်းအဝေးမတိုင်မီ ကြိုတင်ရောက်ရှိရာ ရှမ်းပြည်လူငယ်ခေါင်းဆောင် ကိုတင်အေး၊ ကိုဖေခင်တို့နှင့် တိုင်ပင်၍ ကရင်နီ(ကယား)နယ် သွားရောက်ခဲ့သည်။ ကရင်နီနယ်တွင် ကရင်နီခေါင်းဆောင်များနှင့် လွတ်လပ်ရေးကိစ္စများ တွေ့ဆုံဆွေးနွေး၍ ဖဆပလ လုပ်ငန်းစဉ်များ ဟောပြောစည်းရုံးသည်။ မန်းဘခိုင်က "မိမိတို့ မြေညီကရင်များဟာ မြန်မာများနှင့် ပူးပေါင်းပြီး မြန်မာပြည်လွတ်လပ်ရေး

အရယူမည့်အကြောင်း၊ တောင်တန်းသားများ ပြည်မနှင့် ပူးပေါင်းဖို့ အရေးကြီးလာပြီ ဖြစ်ကြောင်း" ဟောပြောစည်းရုံးသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ဖဆပလ ဗဟိုဦးစီးအဖွဲ့သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဝင်ရောက်ပြီး ယာယီအမျိုးသားအစိုးရ ရာထူးလက်ခံရန် ဆုံးဖြတ်ရာ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘေ၊ ပျော်ဘွယ်ဦးမြ၊ ဦးဘအုန်း(မျိုးချစ်)၊ သခင်မြ၊ ဦးရာဇတ်၊ ကိုညိုထွန်း(ရခိုင်)၊ ကိုသိန်းဖေ(မြင့်)၊ ဦးအေး(မျိုးချစ်)တို့နှင့်အတူ မန်းဘခိုင်ရွေးချယ်ခံရသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် မန်းဘခိုင်သည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ယာယီအမျိုးသားအစိုးရအဖွဲ့၌ အလုပ်သမားနှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ယာယီအမျိုးသားအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရာ အလုပ်သမားနှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် ဆက်လက်တာဝန်ပေးအပ်ခံရသည်။

၁၉၄၇ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် ကရင်ဗဟိုအဖွဲ့ချုပ် (ကေစီအို)ကရင်လူငယ်များအစည်းအရုံး(ကေယူအို)၊ ကရင်အမျိုးသားအစည်းအရုံးခေါ် ဒေါကလူအဖွဲ့(ကေအင်န်အေ)တို့ ပေါင်း၍ ကရင်အမျိုးသားအဖွဲ့ချုပ် (ကေအင်န်ယူ)တည်ထောင်ရာ မန်းဘခိုင်သည် အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ ဥက္ကဋ္ဌမှာ စောဘဦးကြီး၊ အတွင်းရေးမှူးမှာ သရာသာထိုဖြစ်သည်။ ကေအင်န်ယူအတွင်း ကရင်ပြည်နယ်နှင့် ပတ်သက်၍ သဘောကွဲလွဲရာ စောစံဖိုးသင်း၊ မန်းဝင်းမောင်၊ စောကျော်စိန်၊ စောစိန်တင်တို့နှင့်အတူ မန်းဘခိုင်သည် ကေအင်န်ယူမှ ထွက်ခဲ့သည်။ ကေအင်န်ယူမှာ စောဘဦးကြီး၏ ဦးဆောင်မှုနှင့်ကျန်ရစ်သည်။ ကေအင်န်ယူသည် ၁၉၄၇ ခု ဧပြီ ၉ ရက်တွင် ကျင်းပသော တိုင်းပြု ပြည်ပြု ရွေးကောက်ပွဲကို သပိတ်မှောက်၍ ကေဝိုင်အိုက ဝင်ရောက်ယှဉ်ပြိုင်ရာ မန်းဘခိုင်သည် ဟင်္သာတ ကရင်သီးသန့် မဲဆန္ဒနယ်က တိုင်းပြုပြည်ပြု လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်စနေနေ့ နံနက်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်ဦးဆောင်၍ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ၁၀ နာရီ ၃၇ မိနစ်၌ မသမာသူ လူသတ်သမားတစ်စု၏ လုပ်ကြံမှုဖြင့် ဝန်ကြီး မန်းဘခိုင်သည် ဗိုလ်ချုပ်အပါအဝင် ဝန်ကြီး ၆ ဦးနှင့်အတူ တိုင်းပြည်အတွက် အသက်ပေးခဲ့ရပါသည်။

ဝန်ကြီး မန်းဘခိုင် ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အေးလုံးနှင့် သားသမီး ၈ ဦး(စချစ်ခင်ခိုင်၊ နန့်ခင်ရီခိုင်၊ စချစ်တင်ခိုင်၊ နန့်ခင်စီခိုင်၊ စချစ်ရင်ခိုင်၊ စချစ်ရှင်ခိုင်၊ စချစ်ငွေးခိုင်၊ နန့်ခင်ငွေးရီခိုင်)။ ဇနီး မခင်နီနှင့် သားသမီး ၂ ဦး(မြင့်မြင့်ခိုင်၊ မောင်စိန်ခိုင်) တို့ ကျန်ရစ်သည်။

■ ■ ■



မိုင်းပွန်စော်ဘွား စဝ်စံထွန်း (၁၉၀၇ - ၁၉၄၇)

# မိုင်းပွန်စော်ဘွား စဝ်စံထွန်း

(၁၉၀၇ – ၁၉၄၇)

ကိုလိုနီခေတ် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးအဆင့် တောင်တန်းနှင့် ပြည်မပူးပေါင်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်ထောင်ရေးတို့အတွက် အရေးပါလှသော သမိုင်းဝင် "ပင်လုံစာချုပ်"ကို လက်မှတ်ရေးထိုးသူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ပင်လုံစာချုပ် ချုပ်ဆိုအပြီး ပထမဆုံးသော တောင်တန်းဒေသဝန်ကြီးအဖြစ် ရွေးချယ်ခံရသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသား အစိုးရအဖွဲ့တွင် တောင်တန်းဒေသရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်း အဝေးပြုလုပ်နေစဉ် မသမာသူ လူတစ်စု၏ လုပ်ကြံမှုဖြင့် ဗိုလ်ချုပ်နှင့်အတူ ကျဆုံး ခဲ့ရသည်။ လူသတ်သမား၏ သေနတ်ဒဏ်ရာဖြင့် ဇူလိုင်လ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်ခဲ့ပါသည်။ လုပ်ကြံမှုမတိုင်မီ ဇူလိုင်လ ၁၈ ရက်ညတွင် ရန်ကုန်မြို့ ရွှေတောင်ကြားရပ် လောင်းဝစ္စလမ်း မြန်မာ့အသံညွှန်ကြားရေးဝန် ဦးခင်ဇော်(K)ထံ ခေတ္တပြောင်းရွှေ့နေသော ပြန်ကြားရေးဌာနဝန်ကြီး ဒီးဒုတ်ဦးဘချိုထံ လာရောက် လည်ပတ်ရင်း မြန်မာ့အသံဝန်ထမ်း ဦးဖေသော်၏ ဇနီး ရှမ်းအမျိုးသမီး ဒေါ်လှထယ်အား မိုင်းပွန်စော်ဘွားကြီးက "ငါတော့ ဝန်ကြီးလုပ်ပြီး သေနတ်နဲ့ အပစ်ခံရတာထက် ကိုယ့်သတ္တုတွင်းမှာပဲ သတ္တုတူးသမား လုပ်နေချင်တော့တယ်" ဟု နောက်ဆုံးပြောခဲ့ပါသည်။

**အာဇာနည်ခေါင်းဆောင်ကြီး**
**မိုင်းပွန်စော်ဘွား စဝ်စံထွန်း**

၁၉၀၇ ခုနှစ်၊ မေလ ၃၁ ရက် သောကြာနေ့တွင် ရှမ်းပြည်တောင်ပိုင်း မိုင်းပွန်မြို့၌ ဖွားသည်။ အဖ မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီး၊ အမိ မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥဖြစ်သည်။ ငယ်မည်မှာ စဝ်သာထွန်း ဖြစ်သည်။ ဖခင်ဖြစ်သူ စော်ဘွားကြီး စဝ်ခွန်ထီးမှာ အသက် ၇ နှစ် အရွယ်ကပင် မင်းတုန်းမင်း၏ မွေးစားသားအဖြစ် နန်းတွင်း၌ ကြီးပြင်းခဲ့၍ သီပေါမင်း ပါတော်မူချိန်တွင် လင်းပင်မင်းသား၏ ဦးဆောင်မှုကို ခံယူကာ ဗြိတိသျှတို့အား လက်နက်ကိုင် တော်လှန်ခဲ့သူဖြစ်သည်။ သတ္တိ ဗျတ္တိ အမြော်အမြင်နှင့်ပြည့်စုံ၍ လင်းပင်အုပ်စု၏ ဦးနှောက်နှင့် ဓားဟုတင်စားခံရသည်။

၅ နှစ်အရွယ်တွင် တရားမ စာရေးကြီး ဦးစံဖေထံမှ မြန်မာစာပေနှင့် အင်္ဂလိပ်စာ သင်ယူသည်။ ၇ နှစ်တွင် တောင်ကြီး ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်း (အထက ၂၊ တောင်ကြီး)၌ ပညာဆက်လက်သင်ရာ ၁၀ တန်းအောင်သည်။ ထို့နောက် မိတ္ထီလာမြို့ စက်ရှင်တရားသူကြီး ဦးကျောက်တိုင်ရုံး၌ ၆ လ အလုပ်သင်၊ ထို့နောက် မန္တလေး ရဲအုပ်သင်တန်းကျောင်း၌ ၆ လ သင်တန်းတက်သည်။

ရဲအုပ်သင်တန်းဆင်းပြီး ဗန်းမော်တွင် အလုပ်သင် ရဲဝန်ထောက်အဖြစ် ခေတ္တဆောင်ရွက်သည်။ ထို့နောက် တောင်ကြီးမြို့ ရှမ်းပြည်မင်းကြီးရုံး၌ တာဝန်ထမ်းဆောင်သည်။ ၁၉၂၈ ခုနှစ်၊ ဇွန်လ ၂၇ ရက် ဗုဒ္ဓဟူးနေ့တွင် အခမ်းအနားဖြင့် "စော်ဘွား" အရိုက်အရာ ဆက်ခံ၍ မိုင်းပွန်စော်ဘွားအမည်တွင်ခဲ့သည်။

၁၉၃၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် သောကြာနေ့တွင် မိုးမိတ်စော်ဘွားကြီး စဝ်ခင်မောင် (စီအိုင်အီး၊ ကေအက်စ်အမ်)၊ မဟာဒေဝီ စောနန်းအိမ်တို့၏ သမီးတော် စဝ်ခင်သောင်းနှင့် လက်ထပ်သည်။ ယောက်ဖတော် မိုးမိတ်စော်ဘွား စဝ်ခွန်ချိုမှာ လွတ်လပ်ရေးရပြီးနောက် ရှမ်းပြည်နယ် ဥက္ကဋ္ဌ၊ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထင်ရှားသည်။

မိုင်းပွန်စော်ဘွားကြီး၏ ဥပဓိရုပ်မှာ မျက်နှာဝိုင်း၊ နဖူးကျယ်၊ မျက်လုံးပြူးကာ နားရွက်ကား၍ ကြီးသည်။ အသားမှာ အနီရောင် သမ်းသည်။ အရပ် ၅ ပေ ၆ လက်မ ရှိသည်။ လူမှုဆက်ဆံရေးပြေပြစ်သည်။ အောက်လက်ငယ်သားများ၏ ချစ်ခင်

လေးစားမှုခံရသည်။ ဘာသာရေးကိုင်းရှိုင်း၍ ကွမ်း၊ ဆေး၊ အရက်သေစာရှောင်ကြဉ်သည်။ ငယ်စဉ်က ကျန်းမာရေးလိုက်စား၍ တင်းနစ်၊ ခရစ်ကက်၊ ဟော်ကီ၊ ဘောလုံးကစားသည်။ ဂိုးနှင့် ရှေ့တန်းဘယ်ဝင်းကစားသမားအဖြစ် ထင်ရှားသည်။ ဂီတကိုလည်း ချစ်မြတ်နိုး၍ လေ့လာလိုက်စားသည်။ ပတ္တလား၊ လက်ဆွဲဘာဂျာ၊ ဘင်ဂျို၊ မယ်ဒလင်တို့ကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နိုင်သည်။ မြန်မာသီချင်းကြီး သီချင်းခံများရသည်။ စက်မှုလယ်ယာ၊ စိုက်ပျိုးမွေးမြူရေး ဝါသနာပါ၍ ခာတ်သတ္တုတူးဖော်ရေး၊ သမဝါယမ လုပ်ငန်းများကိုလည်း စိတ်အားထက်သန်သည်။ ကိုယ်ပိုင်စာကြည့်ခန်းငယ်တွင် အင်္ဂလိပ်-မြန်မာစာအုပ်များထား၍ လေ့လာသည်။ နဂါးနီထုတ် နိုင်ငံရေးစာပေများကိုလည်း ဖတ်ရှုသည်။

မိုင်းပွန်စော်ဘွားကြီးသည် အခြားစော်ဘွားကြီးများကဲ့သို့ ဟော်နန်းတွင် ဇနီးအများမထား၊ မဟာဒေဝီတစ်ဦးသာထားသည်။ မဟာဒေဝီ စဝ်ခင်သောင်းနှင့် သား နှစ်ဦး (စဝ်ဆေဟုမ်၊ စဝ်ကိုင်ဖ)၊ သမီး နှစ်ဦး (စဝ်သုနန္ဒာ၊ စဝ်မြင့်ကြည်)တို့ ထွန်းကားသည်။ မဟာဒေဝီမှာ ၁၉၄၅ ခုနှစ် ဂျပန်အပြေးတွင် မိုင်းပွန်တောတွင်း၌ ကွယ်လွန်ခဲ့သည်။ မဟာဒေဝီ ကွယ်လွန်ပြီး မိုင်းပွန်စော်ဘွားကြီးသည် ဒုတိယ မဟာဒေဝီ မထားဘဲ သားသမီး လေးယောက်ကိုသာ ဂရုတစိုက်စောင့်ရှောက်ခဲ့သည်။ မဟာဒေဝီ ၏ အသုဘအခမ်းအနားတွင် နယ်ရှင်စော်ဘွားများ စုဝေးမိရာမှ စစ်အပြီး နိုင်ငံရေး အပြောင်းအလဲတွင် ရှမ်းပြည်နှင့် နယ်ရှင်စော်ဘွားများ၏ အနာဂတ်အတွက် နည်းလမ်းရှာရန် မိုင်းပွန်စော်ဘွားကြီးအား တာဝန်ပေးအပ်ခဲ့သည်။

မိုင်းပွန်စော်ဘွားကြီး၏ ကြိုးပမ်းမှုဖြင့် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ရှမ်းပြည် မိုင်းကိုင်မြို့၌ နယ်ရှင်စော်ဘွားများ စုဝေး၍ အစည်းအဝေး ကျင်းပသည်။ ထိုမိုင်းကိုင်အစည်းအဝေးတွင် "စဝ်ဖလုံကောင်စီ" ကို ဖွဲ့စည်းသည်။ စဝ်ဖလုံကောင်စီဝင်များအနက် ညောင်ရွှေ စဝ်ဖလုံ စဝ်ရွှေသိုက် (ရှမ်း)၊ သထုံ စဝ်ဖလုံခွန်ကြည် (ပအိုဝ်း)၊ သာမိုင်းခမ်း စဝ်ဖလုံ စဝ်ထွန်းအေး(ဓနု)၊ တောင်ပိုင် စဝ်ဖလုံ ခွန်ပန်းစိန် (ပလောင်)၊ မိုးမိတ် စဝ်ဖလုံ စဝ်ခွန်ချို(ရှမ်း)၊ မြောက်သိန္နီ စဝ်ဖလုံ စဝ်ဟုန်ဖ (ရှမ်း)တို့နှင့်အတူ မိုင်းပွန် စဝ်ဖလုံ စဝ်စံထွန်း(ရှမ်း)သည် အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။

စဝ်ဖလုံကောင်စီက ကြီးမှူး၍ ၁၉၄၆ ခုနှစ်၊ မတ်လ ၂၀ ရက်မှ ၂၈ ရက်အထိ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ဒုတိယအကြိမ် အစည်းအဝေးနှင့် ဟောပြောပွဲ၊ ပြပွဲ၊ ဆွေးနွေးပွဲများ ကျင်းပရာ ရှမ်းပြည် လူငယ်ခေါင်းဆောင် ကိုတင်ဧ၊ ကိုထွန်းမြင့်၊ ကိုခွန်ထီးတို့ ဦးဆောင်မှုဖြင့် ရှမ်းပဒေသရာဇ်စော်ဘွားများနှင့် ရှမ်းပြည်လူထုပူးပေါင်းခဲ့သည်။ ရှမ်းစော်ဘွားများအနက် မိုင်းပွန်စော်ဘွားသည် ရှမ်းလူငယ်ခေါင်းဆောင်များနှင့် အရင်းနှီးဆုံးဖြစ်လာသည်။ ဤအစည်းအဝေးကို ဖဆပလအဖွဲ့ချုပ်မှ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား သခင်နု၊ ဦးဘဂျမ်း၊ မန်းဘခိုင်။ အခြား နိုင်ငံရေးအဖွဲ့အစည်းများမှ နန်းရင်းဝန်ဟောင်း ဦးစော၊ မိတ္ထီလာဦးဘရင်နှင့် ကချင်ခေါင်းဆောင်အချို့ တက်ရောက်ရာ ပထမပင်လုံ အစည်းအဝေးဟု ခေါ်တွင်ခဲ့သည်။ ဤအစည်းအဝေးတွင် မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ခေတ်မီစက်မှုလယ်ယာစိုက်ပျိုးရေး အကြောင်း ဟောပြောသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရှမ်းပြည်တောင်ပိုင်း၊ ပင်လုံမြို့၌ ပြည်မနှင့် တောင်တန်းဒေသများ သွေးစည်းညီညွတ်ရေးအတွက် ပင်လုံညီလာခံ ကျင်းပခဲ့သည်။ ညီလာခံကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ ကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားများ၊ ကချင်ဒူဝါများ၊ ချင်းခေါင်းဆောင်များနှင့် တောင်တန်းဒေသလူထုခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ ကရင်တိုင်းရင်းသားခေါင်းဆောင်အချို့လည်း လေ့လာသူအဖြစ်ရောက်ရှိလာသည်။ ဗြိတိသျှအစိုးရဘက်မှ ဒိုမီနီယံဆိုင်ရာ အတွင်းဝန် ဘော့တွမ်မလေ(A.G Bottomeley)၊ မြန်မာနိုင်ငံနယ်ခြားဒေသဆိုင်ရာ မင်းကြီးမစ္စတာ စတီဗင်ဆင် (Mr.Stevenson)နှင့် အရာရှိကြီးငယ်များတက်ရောက်သည်။ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသခေါင်းဆောင် ၂၃ ဦးတို့ အခက်အခဲ အမျိုးမျိုးကို ကျော်လွှား၍ တညီတညွတ်တည်း ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာ မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ပင်လုံစာချုပ် ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက် နေ့လယ် ၂ နာရီခွဲတွင် "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့"က တောင်တန်းဒေသဝန်ကြီးအဖြစ် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကို ရွေးချယ်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ဝင် ဖြစ်လာသည်။

၁၉၄၇ ခုနှစ်၊ မေလ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ရှမ်းပြည်လွှတ်တော် အစည်းအဝေးတွင် မိုင်းပွန်စော်ဘွားကြီးသည် တိုင်းပြုပြည်ပြုလွှတ်တော်၏ ရှမ်းပြည် ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးချယ်ခံရကာ တိုင်းပြုပြည်ပြုလွှတ်တော်၏ ပြည်ထောင်စုနှင့် ပြည်နယ်ဆိုင်ရာဆပ်ကော်မတီဝင်၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အခြားဝန်ကြီးများနှင့်အတူ လုပ်ကြံခံခဲ့ရသည်။ နောက်တစ်နေ့ ဇူလိုင်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

■ ■ ■



ဦးအုန်းမောင် (၁၉၁၃ - ၁၉၄၇)

# ဦးအုန်းမောင်

(၁၉၁၃ – ၁၉၄၇)

၁၉၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် တနင်္ဂနွေနေ့တွင် မကွေးတိုင်း၊ မင်းဘူးမြို့နယ် ထောက်ရှာပင်ရွာ၌ဖွားသည်။ အဖ ရောဝတီသဘော်ာ ကိုယ်စားလှယ် မစ္စတာ အိပ်ချ် ဒဗလျူထရပ်(တ်) ဝိန်း၊ အမိ ဒေါ်ရွှေမြင့် ဖြစ်သည်။ ဒုတိယမြောက်သားဖြစ်သည်။

မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခဲ့သည်။ ထင်ရှားသော ကျောင်းနေဖက်တစ်ဦးမှာ ကိုဗဂျမ်း(ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လရောင်)ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ၁၀ တန်းအောင်မြင်သည်။ ၁၉၃၀ – ၃၄ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်၌ ပညာသင်သည်။ ရန်ကုန်တက္ကသိုလ် တပ်ရင်း တပ်ခွဲတစ်ယောက်ဖြစ်၍ သေနတ်ပစ် ထူးချွန်သည်။ ၁၉၃၄ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

၁၉၃၆ ခုနှစ်တွင် ဝန်ထောက်စာမေးပွဲ (Combined B.C.S and Other Services Examination) နှင့် အိန္ဒိယ ပဋိညာဉ် (Indian Civil Service) အိုင်စီအက်စ်စာမေးပွဲနှစ်

ရပ်လုံးအောင်မြင်သည်။ အိုင်စီအက်စ် စာမေးပွဲအောင်သူ သုံးယောက်အနက် (ဦးဘသန်း၊ ဦးဘကျော်၊ ဦးအုန်းမောင်) ပထမရသည်။

အင်္ဂလန် အောက်စဖို့ဒ်တက္ကသိုလ် ဂျီးဆပ်ကောလိပ် (Jesus College)၌ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်ရေးပညာသင်ခဲ့သည်။ အင်္ဂလန်တွင် ပညာသင်ကြားနေစဉ် "မျိုးချစ်စိတ် ထက်သန်၍ တိုင်းပြည်နှင့် လူမျိုးကိုထိလျှင် နည်းနည်းမျှ သည်းမခံနိုင်သူ၊ သူ့ကို အင်္ဂလန်ရှိ အငြိမ်းစား အိုင်စီအက်စ်အရာရှိကြီးအချို့က တိုက်ကြက်ကလေးဟု ကွယ်ရာတွင် ခေါ်လေ့ရှိကြောင်း" ပညာသင်ဖော် ဆရာမင်းသုဝဏ်က မှတ်တမ်းတင်ခဲ့သည်။

၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် မြန်မာနိုင်ငံဝန်ထမ်းအဆင့် (၁) အဖြစ် စတင်ခန့်အပ်ခံရသည်။ အင်္ဂလန်တွင် အိုင်စီအက်စ်ဝန်ထမ်းအဖြစ် ပညာသင်နေစဉ် ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယမှ သီးခြားခွဲထုတ်၍ ၉၁ ဌာန အုပ်ချုပ်ရေးသစ် စတင်ခဲ့ရာ အိုင်စီအက်စ် အခေါ်အဝေါ်မှ ဘီစီအက်စ် အဆင့် (၁) ဖြစ်လာသည်။ ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ မှ ၁၉၃၉ ခုနှစ် ဇန်နဝါရီ ၂၇ အထိ မိတ္ထီလာနှင့် သာစည်တွင် အလုပ်သင်နယ်ပိုင်ဝန်ထောက်၊ ထို့နောက် မန္တလေးအရှေ့ နယ်ပိုင်ဝန်ထောက်၊ ၁၉၄၁ ခုနှစ်၊ ဖွန်လ ၂၇ ရက်တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန၊ ကုန်သွယ်ရေးလက်ထောက်အတွင်းဝန်အဖြစ် ဂျပန်ဝင်လာသည့်တိုင် အမှုထမ်းခဲ့သည်။

ခရိုင်ဝန် ဦးဘိုးဘေ (K.S.M), (A.T.M) နှင့် ဒေါ်စိမ်းနုတို့၏ ပဉ္စမမြောက် သမီး မသိန်းကြွယ်နှင့် လက်ထပ်၍ သား သုံးဦး (ကိုတင်မောင်သိန်း၊ ကိုကိုလှ၊ မောင်မင်းမြင့်) ထွန်းကားသည်။ မသိန်းကြွယ်မှာ လွတ်လပ်ရေးခေတ်ဦး ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမ္မတကြီး ဒေါက်တာဘဦးနှင့် မောင်နှမဝမ်းကွဲတော်စပ်သည်။

စစ်ပြီး ၁၉၄၅ ခု အောက်တိုဘာ ၂၂ ရက်တွင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန ဒုတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေး၌ ခရီးလွန်နေသည့် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနဝန်ကြီး စောစံဖိုးသင်ကိုယ်စား ဌာနလုပ်ငန်းဝင်ရောက် အစီရင်ခံတင်ပြနေစဉ် ၁၀ နာရီ ၃၇ မိနစ်၌ မသမာသူ သေနတ်သမားများ၏ လုပ်ကြံမှုဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ပါသည်။

■ ■ ■



ရဲဘော် ကိုထွေး (၁၉၂၉ - ၁၉၄၇)

# ရဲဘော်ကိုထွေး

( ၁၉၂၉ – ၁၉၄၇)

မန္တလေးမြို့၊ တောင်ပြင်ရပ်၊ ဗောဓိကုန်းတွင် ၁၉၂၉ ခု၊ ဒီဇင်ဘာ ၅ ရက်၌ ဖွားသည်။ ပင်စင်စား အဖ စိုက်ပျိုးရေးဝန်ထောက်၊ ဗဟိုအမျိုးသားအထက်တန်းကျောင်း အငြိမ်းစား ဦးကိုကိုလေး – ဒေါ်မင်းရီ(ဂုတ်မင်းရီ) တို့၏ ဆဋ္ဌမမြောက် အထွေးဆုံး သားဖြစ်သည်။ အဖ အစ္စလာမ်ဘာသာဝင်၊ အမိမှာ ပိုးကရင်၊ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ အမည်အရင်းမှာ ကိုကို ဖြစ်သည်။ အစ်ကိုနှစ်ယောက်၊ အစ်မ နှစ်ယောက်ရှိသည်။ လက်ဝှေ့ကျော် စောဘာဘာ၏ ညီဖြစ်သည်။ အမည်ရင်း ကိုကို။ အငယ်ဆုံးဖြစ်၍ ကိုထွေးဟုတွင်သည်။

မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၇ ခု ဖေဖော်ဝါရီလ ၂၆ တွင် ဆရာကြီး ဦးရာဇတ်သည် ဗိုလ်ချုပ်ဦးဆောင်သော ဘုရင်ခံအတိုင်ပင်ခံကောင်စီ၌ အမျိုးသားစီမံကိန်းနှင့် ပညာရေးဝန်ကြီး ခန့်အပ်ခံရရာ ရဲဘော်ကိုထွေးသည် ဆရာကြီး ဦးရာဇတ်၏ သက်တော်စောင့်တာဝန် ပေးခံရသည်။

၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ဝန်ကြီးများအစည်းအဝေးတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏ လက်ချက်ဖြင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်၌ ရန်ကုန်ဆေးရုံကြီး၌ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပါသည်။

■ ■ ■

# ၁၃ ဇူလိုင်လ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ တိုင်းပြု ပြည်ပြုလွှတ်တော်အစည်းအဝေး၌ နောက်ဆုံး ပြောကြားသော ဖဆပလ ဥက္ကဋ္ဌ ဦးအောင်ဆန်းမိန့်ခွန်း ကောက်နုတ်ချက်

**. . .** လွှတ်တော်အမတ်တွေရယ်လို့ တိုင်းပြည်က တင်မြှောက်လိုက်တဲ့အခါမှာ အဲဒီလွှတ်တော် အမတ်တွေက လွှတ်တော်အစည်းအဝေးမရှိတဲ့အခါမျိုးမှာ မိမိတို့ အားလပ်ချိန်၊ ရသမျှအချိန် အတောအတွင်းမှာ မိမိတို့ကို ရွေးကောက်တင်မြှောက်လိုက်တဲ့ နယ်ကို ပြန်သွားပြီးတော့ ဒီလွှတ်တော်မှာ ဘာဖြစ်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာ အစရှိတဲ့ အခြေအနေအရပ်ရပ်ကို ကိုယ့်နယ်ကိုပြန်ပြီး အစီရင်ခံတဲ့ ထုံးစံရှိပါတယ်။

**. . .** ဒီတော့ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်လုပ်တဲ့ အလုပ်ဟာ အင်မတန်ရှင်းပါတယ်။ ကျွန်တော်တို့ဟာ တိုင်းပြည်ကို ပြောခဲ့တဲ့အတိုင်း လုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ ရအောင်လုပ်မယ်ဆိုတဲ့အတိုင်း အဲဒီလုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ ဆုံးဖြတ်ပြီးတဲ့နောက် ကျွန်တော်တို့ ဒီတိုင်းပြည်ကို ကြေညာထားတဲ့အတိုင်း တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေး ရအောင် လုပ်မယ်ဆိုတာလည်း ကျွန်တော်တို့ လုပ်နေလျက်ပါပဲ။ တစ်နှစ်လည်းပဲ မပြည့် သေးပါဘူး။ တစ်နှစ်စေ့လာတဲ့ အနေမျိုး၊ သို့သော်လည်းပဲ စေ့တယ်၊ ပြည့်တယ်ဆိုတဲ့ သဘော မျိုးကတော့ အလျှော့အပေါ့ နည်းနည်းပါးပါး ပါချင်ပါမယ်။ သို့သော်လည်းပဲ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုဖြစ်လာတဲ့ အချိန်အခါမျိုးမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဗမာပြည်ရဲ့ လွတ်လပ်ရေး ကိုရအောင် မလုပ်နိုင်သေးဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဟိုအခါမျိုးမှာ ကတိပျက်တယ်လို့ ပြောချင်ပြောမယ်။ သို့သော်လည်းပဲ အဲဒီအချိန် အခါကလည်း မရောက်သေးဘူး။ ကျွန်တော် တို့ကလည်းပဲ အဲဒီအချိန်အခါအထိ လွတ်လပ် ရေးကို အေးအေးချမ်းချမ်းရနိုင်အောင် ကျွန်တော်တို့ ကြိုးစားမယ်။ အဲဒီလို ကြိုးစားမယ် ဆိုပြီးတော့ ကျွန်တော်တို့ လုပ်နေတယ်။ ဒီလို လုပ်နေတဲ့အတိုင်း ကျွန်တော်တို့ လုပ်တဲ့ လုပ်ငန်းဟာ အောင်မြင်သလား၊ မအောင်မြင် ဘူးလားဆိုတာ အခုနေအခါ ဘယ်သူမှ မပြောနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုရင် အချိန်တွေ လိုပါသေးတယ်။ ကျွန်တော်တို့ လုပ်နေတဲ့ လုပ်ငန်းတွေဟာ မပြီးသေးဘူး။ ပြီးလာတဲ့တစ်နေ့ ခင်ဗျားတို့ မြင်လာတဲ့ တစ်နေ့မှာ ကျွန်တော်တို့ လုပ်ငန်းတွေဟာ အောင်သလား၊ မအောင်ဘူးလားဆိုတာ ခင်ဗျားတို့ မြင်နိုင်မှာပဲ။

အဲဒီလို မြင်လာတဲ့အခါမှာ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ဟာ ဘယ်လို အဖွဲ့ချုပ်မျိုးလဲ၊ အလုပ်လုပ်တဲ့ နေရာမျိုးမှာ ဘယ်လိုထိရောက်အောင် လုပ်နိုင်သလဲဆိုတာ ခင်ဗျားတို့ မြင်လာ မယ်။ အဲဒီတော့ အခုနေအခါမှာ ကျွန်တော် ဘာမှသိပ်ပြီးတော့ ကြီးကြီးကျယ်ကျယ်တွေ

ပြောနေဖို့ မလိုပါဘူး။ အဲဒီတော့ ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်က ဘာမှ သွေဖည်ပြီးတော့ လုပ်နေတာ မရှိပါဘူး။ ဒီလွတ်လပ်ရေးရအောင်ဆိုပြီး လုပ်နေတာပဲ။ သို့သော်လည်းပဲ အဲဒီလို လွတ်လပ်ရေး ရအောင် ကျုပ်တို့က လုပ်တဲ့နေရာမှာ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံးနည်းကို ရှာ တယ်။ အဲဒီလို ရှာတာကို ကျုပ်တို့ကို ဘာအပြစ်ပြောစရာ ခင်ဗျားတို့ ရှိပါသလဲ၊ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံးနည်းတွေနဲ့ ကျွန်တော်တို့ လွတ်လပ်ရေးရအောင် ရှာတဲ့နေရာမယ် ဘယ်သူတွေက ဘာဖြစ်လို့ ကျုပ်တို့ကို အပြစ်တင်နေရသလဲ၊ အဲဒီတော့ကာ အဲဒီလိုလုပ်နေတဲ့ နေရာမယ် ဒါတွေကို ရှင်းပြနေတဲ့ အထဲကနေပြီးတော့ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က ဒိုမီနီယံပဲ လက်ခံတော့မလိုလို ဘာလိုလို အစရှိသည်အားဖြင့် တချို့က နေပြီးတော့ ဟိုရေး၊ ဒီရေး၊ ဟိုပြော၊ ဒီပြော ပြောတယ်။

ကျုပ်တို့ ဂရုမစိုက်ပါဘူး။ ခင်ဗျားတို့ တိုင်းပြည်က အဲဒီလိုလူတွေ ပြောတာတွေကို ယုံချင်တယ်ဆိုရင် ခင်ဗျားတို့ ယုံနိုင်တယ်။ အဲဒီတော့ ဒီဒိုမီနီယံကိစ္စနှင့်ပတ်သက်ပြီး ဒိုမီနီယံ ပြောနေကြတဲ့ လူတွေကလည်း နားလည်လို့ ပြောနေကြတာ မဟုတ်ဘူး။ အမှန်စင်စစ်တော့ ကျွန်တော်တို့ ဗမာနိုင်ငံရေးမှာ ကျွန်တော်နည်းနည်း (Brutal Truth) ဆိုမှာပေ့ါ။ တော်တော် ကလေးကိုပဲ ရက်ရက်စက်စက်မှန်တယ်။ သခင်နုကတော့ ကျွန်တော့်ကို ခဏခဏပြောတယ်။ ခင်ဗျား (Painful Truth) သိပ်မပြောပါနဲ့လို့။ (Painful Truth) ဆိုတာ ဘာလဲဆိုရင် မှန်တော့ မှန်တယ်။ သို့သော် မှန်လွန်းအားကြီးလို့ မခံနိုင်ဘူး။ အဲဒီလိုဖြစ်တယ်။ သို့ပေမယ့် ဒီတစ်ခါလည်း ကျွန်တော်တော်ပြောရဦးမယ်။ ဘာပြောမလဲဆိုရင် ယခု ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေး သမားတွေ လုပ်နေကြတယ်။ သတင်းစာဆရာတွေ လုပ်နေကြတယ်။ သူတို့ရေးနေတာ၊ သူတို့၊ သူတို့ ပြောနေတာ သူတို့ နားမလည်တဲ့သူတွေ အများကြီးပဲဆိုတာ ခင်ဗျားတို့ သိစေချင် တယ်။ ခံချင်မှာတော့ မဟုတ်ပါဘူးဗျာ့။ ဘာပြုလို့လဲဆိုရင် နားမလည်ဘူး ပြောလိုက်တာကိုး၊ ခံချင်မှာတော့ မဟုတ်ပါဘူးဗျာ့။ သို့သော်လည်းပဲ (It is Painful Truth) အဲဒါ တစ်ခါတည်းကို သွေးထွက်အောင် မခံချင်လောက်အောင် မှန်တယ်၊ မှန်တယ်ဆိုတာ ကျွန်တော်ရဲရဲကြီးပြောရဲ တယ်။

အဲဒီတော့ ကိုယ်ပြောနေတာ ကိုယ်ရေးနေတာ ကိုယ်လုပ်နေတာ ဘာမှန်းမသိတဲ့ နိုင်ငံရေးသမားတွေ၊ သတင်းစာဆရာတွေက တော်တော်ကလေးများတယ်။ အဲဒီလို ဖြစ်နေတော့ ကျွန်တော်လည်း နိုင်ငံရေးအကြောင်းနဲ့ ပတ်သက်ပြီး နိုင်ငံရေးဆိုတဲ့ စကားက အစ ကျွန်တော်တစ်ခါတည်း တိုင်းပြည်ကို နောင်အခွင့်သင့်လို့ရှိရင် အပတ်စဉ် အပတ်စဉ် ဖြစ်စေ၊ တစ်ခါတည်း ရက်ဆက်သဘောမျိုးဖြစ်စေ၊ တစ်ခါတည်း အဲဒီလို ရှင်းလင်းပြသွားချင် ပါသေးတယ်။ အဲဒီအခါကျရင် နိုင်ငံရေးဆိုတာ ဘာလဲ၊ တော်လှန်ရေးဆိုတာ ဘာလဲ၊ နောက်ပြီးတော့ လွတ်လပ်ရေးဆိုတာ ဘာလဲ၊ ဟိုဟာက ဘာလဲ၊ ဒီဟာက ဘာလဲ၊ အဲဒါတွေ

ကျွန်တော်ရှင်းပြချင်တယ်။ ခေါင်းဆောင်မှုဆိုတာ ဘာလဲ၊ အချောင်သမားဆိုတာ ဘာလဲ၊ အဲဒါတွေ ကျွန်တော် ရှင်းချင်တယ်။ သို့ပေမယ့် ဝမ်းထဲမှာတော့ အများကြီးပဲ၊ ပုံနေတာပဲ၊ သို့သော်လည်းပဲ ကျွန်တော့်မှာ အချိန်က မရတော့ မရှင်းနိုင်တော့ဘူး။ အဲဒီတော့ သတင်းစာထဲ ရေးချင်တာ ရေး၊ တချို့ပြောချင်တာပြော၊ ကြည့်နေရတာပဲ။ ဘာမှ မတတ်နိုင်ဘူး။ ခင်ဗျားတို့ ကြားချင် တာ ကြားပြီး ထင်ချင်တာ ထင်နေတာပဲဆိုတာလည်း ကျွန်တော် သိပါတယ်။

အဲဒီတော့ ခင်ဗျားတို့ သေသေချာချာ သတိထားကြည့်စေချင်တာက ဒီ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ဟာ ဘယ်လို ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်လဲဆိုတာ ရာဇဝင်နှင့် ပြန်ကြည့်စေချင်တယ်။ လူတွေကိုလည်း ရာဇဝင်နှင့် ပြန်ကြည့်စေချင်တယ်။ ကျွန်တော်တို့ ဗမာပြည်မှာ ပေါ်ခဲ့တဲ့ နိုင်ငံရေးအဖွဲ့တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေအားလုံး တစ်ယောက်စီ တစ်ယောက်စီ ခင်ဗျားတို့ စိတ်ကူးထဲမှာ စဉ်ပြီး၊ မာတိကာစဉ်ပြီး စဉ်းစားကြည့်စမ်းပါ။ ဘယ်လိုလူစားတွေလဲ၊ ဘယ်လိုအဖွဲ့လဲဆိုတာ။ အဲဒီအခါမှာ အဖြေထွက်လာမယ်။ ယခုအခါမှာ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးဖြစ်တယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးမှာဆိုရင် အတိုက်အခံဆိုတာ ရှိစမြဲပါပဲ။

ဘုရားလက်ထက်က ဘုရားကိုယ်တိုင် အတိုက်အခံနှင့် မကင်းလို့ရှိရင်၊ ကျုပ်တို့လည်း မလွတ်ကင်းနိုင်ဘူး။ အဲဒီလို အတိုက်အခံနှင့် မကင်းတဲ့အပြင် တပ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေအနေမျိုး ဖြစ်နေတယ်။ ဒီလို တပ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေအနေမျိုး ဖြစ်နေတော့ ချွတ်ယွင်းချက်တွေ အမြောက်အများရှိတယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင်သိတယ်။ ဘယ်အစိုးရမှလည်း ချွတ်ယွင်းချက်မရှိတဲ့အစိုးရ မရှိဘူး။ သို့သော်လည်း တိုင်းပြည်အပေါ်မှာ စေတနာရှင်းရှင်း ထားပြီးတော့ တစ်ဆင့်ထက်တစ်ဆင့် ကျွန်တော်တို့ လုပ်လာတဲ့ လုပ်ငန်းဟာ တိုးတက်သလား၊ မတိုးတက်ဘူးလားဆိုတာ ခင်ဗျားတို့ ပြန်ကြည့်ပါ။ ရက်မကြာခင် လောက်ဆိုရင် သခင်နုတို့လည်း ပြန်လာမယ်။ နောက်တော်တော်လေး ကြာလာရင် ကျွန်တော်တို့ဟာ တိုင်းပြည်ကို အတိအလင်းကြေညာနိုင်တဲ့ စကားမျိုး လုပ်လာနိုင်ပါဦးမယ်။ အဲဒီလို လုပ်လာ တဲ့အခါမှာ ကျွန်တော်တို့ဟာ လွတ်လပ်ရေးလုပ်ငန်းမယ် ဘယ်ထိအောင် တစ်စခန်း တက်လာပြီး ဘယ်ထိအောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာ ဘယ်လို တစ်စခန်းတက်လာပြန်ပြီ အစရှိသည်အားဖြင့် အဲဒီလို အခွင့်အလမ်းတွေကိုလည်း ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။ အဲဒီလို တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ဆင့်တက်လာတာကို သော်လည်းကောင်း၊ အခု လွတ်လပ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ဆင့်တက်လာတာကို သော်လည်းကောင်း အဲဒီလို တက်လာတာကို ခင်ဗျားတို့ ရက်မကြာမီမှာ မြင်ရပါလိမ့်မယ်။ အဲဒီလို မြင်ရရုံမကဘူး။ ကျွန်တော်တို့ ဒီအစိုးရနှင့်

အရင်ကရှိတဲ့ အစိုးရတွေနှင့် ယှဉ်ကြည့် လိုက်ရင် ကျုပ်ပြောရဲတယ်။ ယခု အစိုးရထဲမှာ လာဘ်စားတဲ့ လူတွေ မရှိပါဘူးဆိုတာ ကျုပ် ပြောရဲတယ်။

အရင်အစိုးရတွေတုန်းက ကျုပ်အတိအလင်း ပြောတယ်။ လာဘ်စားတဲ့ လူတွေ ရှိတယ်။ ခင်ဗျားတို့ ဘာပြောဦးမလဲ။ အဲဒီလို လူတွေက ယခုနေအခါမယ် တိုင်းပြည်ကို မိမိတို့ ပါတီ ပြန်အာဏာရအောင် ခြေထိုးကြတဲ့ကိစ္စမှာ ယောင်ယောင်မှားမှားဖြစ်တဲ့လူတွေဟာ စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တိုင်းပြည်သစ္စာဖောက်တဲ့ ကိစ္စမှာ ရန်သူနံပါတ် (၁) တွေဖြစ်တယ်။ အဲဒီရန်သူနံပါတ် (၁) တွေကို ခင်ဗျားတို့ ထောက်ခံချင်တယ်ဆိုရင် ခင်ဗျား တို့လည်ပင်း ခင်ဗျားတို့ ကြိုးတပ်ကြတာပဲ။ ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မလုပ်လာလို့ အစိုးရဖြစ်တာမဟုတ်ဘူး။ တိုင်းပြည်လူထုရဲ့ ထောက်ခံမှုနဲ့ ကျုပ်တို့အစိုးရဖြစ်နေတာ။ တိုင်းပြည်က မကြည်ညိုဘူးဆိုတာ ကျုပ်တို့ သိတဲ့တစ်နေ့မှာ ကျုပ်တို့လည်း မနေဘူး။ တွယ်မနေပါဘူး။ ထွက်မှာပါပဲ။ သို့သော်လည်းပဲ တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေလဲ။ ရာဇဝင်မှာ အရေးခံမယ့် လူစားမျိုး တွေလား၊ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလားဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိပါလိမ့် မယ်။

ဒီတော့ကာ လွတ်လပ်ရေးဆိုလို့ ခင်ဗျားတို့ကို ကျွန်တော်တို့ ပြောပြဦးမယ်။ လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေကမပေါက်နိုင်ဘူးဆိုတာ ခင်ဗျားတို့ကို ကျွန်တော် ရှင်းခဲ့ချင်တယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ခင်ဗျားတို့ စိတ်ထဲမှာ လွတ်လပ်ရေးရတော့မယ်ဆိုလို့ရှိရင် စိတ်ကူးက ဘယ်လိုစိတ်ကူးကြသလဲဆိုလို့ရှိရင် ပဒေသာပင်ကြီး ချက်ချင်းနေ့ချင်းညချင်းပေါက်လာကြတော့မလို ခင်ဗျားတို့ ထင်ကြတဲ့လူတွေများကြတယ်။ တချို့ကလည်းပဲဟာ လွတ်လပ်ရေးရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့ ကျွန်တော်အရင်တစ်ခါတုန်းက တွေ့ခဲ့တယ်။ ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး၊ ဘုရားစူးစေ့ ဗမာ့လွတ်လပ်ရေးတုန်းက အဲဒီတုန်းကဆိုလို့ရှိရင် လွတ်လပ်ရေးရပြီးဆိုတော့ကာ ဟင်္သာတနယ်ထဲမှာ ကျွန်တော် တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာ သွားတဲ့လမ်းပေါ်မှာ ထွက်ပြီး ဆေးတွေလှန်းတယ်။ အဲဒီတော့ လမ်းသွားလမ်းလာလုပ်တဲ့လူတွေ အတော်ခွကျတယ်။ အဲဒါဟာ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်စေဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။

ဥပမာ ခင်ဗျား စီးပွားရေးဖြစ်ထွန်းအောင် လုပ်တဲ့နေရာမှာ အနှောင့်အယှက်မရှိစေရဘူး။ အခြားလူတွေရဲ့အကျိုး ပိုမထိခိုက်လို့ရှိရင် အနှောင့်အယှက်မရှိစေရဘူး။ တိုင်းပြည်တစ်ပြည်လုံးရဲ့ အကျိုးကို မထိခိုက်စေရဘူး။ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်စေရဘူး။ ခင်ဗျား လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အခြေအနေရှိရမယ်။ သို့သော်လည်း အခြားနိုင်ငံရဲ့ လွတ်လပ်ရေးကို သွားနှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးကို မဟုတ်ဘူး။ အဲဒါက ဘာလဲဆိုရင် Licence ခေါ်တယ်။ ဒါဟာ ရမ်းကားမှုသာ ဖြစ်တယ်။

ဒီတော့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲ့ဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီး စည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေး ရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

. . . ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ် ဆိုလို့ရှိရင်လည်း National Planing ခေါ်တဲ့ အဲဒီ စီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး၊ မထူထောင်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်ပါတယ်။ အဲဒီတော့ ပဒေသာပင်ဟာ မြေကပေါက်လာမှာ မဟုတ်ပါဘူး။

ပဒေသာပင် ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့ မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ ရတဲ့ လွတ်လပ်ရေး ဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။

ဒီတော့ အဲ့ဒီလွတ်လပ်ရေးရတဲ့အခါမှာ ကျွန်တော်တို့ အခုတင်က စီမံကိန်းအမျိုးမျိုးနဲ့ လုပ်ဆောင်မှာ အနှစ် ၂၀ လောက် ကျွန်တော်တို့ စကားခပ်ရိုင်းရိုင်းပြောရရင်၊ စကားခပ်ရိုင်းရိုင်းပြောရတယ်ဆိုတာ စကားခပ်ရိုင်းရိုင်းပြောမှ လူတွေကမှတ်မိတယ်။ စကားခပ်ရိုင်းရိုင်းဆိုရင် အတော့်ကို ပြဲအောင် ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါအတော်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ၊ အနှစ် ၂၀ လောက်ရှိတဲ့အခါမှာ တော်ကာကျမယ်။ အဲဒီလို မဟုတ်ဘဲ ခင်မဗျားတို့ အလုပ်မလုပ်ဘဲ နေမယ်ဆိုလို့ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မီမှာမဟုတ်ပါဘူး။ ယိုးဒယားပြည်ဆိုလို့ရှိရင် လွတ်လပ်တဲ့ နိုင်ငံထဲမှာ ညံ့ညံ့ပင်ဖြစ်ပေမယ့် ကျွန်တော်တို့ ဗမာပြည်နဲ့စာလိုက်ရင်တော့ ကျွန်တော်တို့ ဗမာပြည်လွတ်လပ်ရင် လွပ်လပ်ချင်းပဲ၊ ယိုးဒယားပြည်က ကျွန်တော်တို့ထက်တော့ သာတာပဲ။ ဘယ်လို သာမလဲဆိုရင်

စစ်တပ်တွေဆိုလို့ရှိရင်လည်း ကောင်းကောင်းရှိတယ်။ ရေတပ်တွေလည်း ရှိတယ်။ လေတပ်တွေလည်းရှိတယ်။ အခြား စစ်တပ်တွေလည်း တော်တော်များများရှိတယ်။ အဲဒီလို အားဖြင့် ယိုးဒယားက ရှိတာရှိတယ်။ ကျွန်တော်တို့မှာ အဲဒီလို မရှိသေးပါဘူး။

ဒီတော့ ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင်၊ တခြားလွတ်လပ်တဲ့ နိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလို လိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည် အားဖြင့် အဲဒီလိုတန်းတူ ညီတူ ဖြစ်သွားမယ်။ တန်းတူညီတူမဖြစ်သမျှ ကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ့မြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ ဖာသည်လို နိုင်ငံမျိုး ဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားစေချင်တယ်။ အားမှမရှိသေးတော့ အဲဒီလိုပဲ ဖြစ်နေမှာပဲ။ အဲဒီတော့ကာ အင်မတန်ကို ကျွန်တော်တို့ တစ်ခါတည်း ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ လူတွေ စည်းစည်းရုံးရုံးနဲ့ ရှိပါမှ ဖာသည်သဘောမျိုး၊ နိုင်ငံမျိုး မဖြစ်ဘဲနေမှာ။

အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော်မလိုချင်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ဖာသည်တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲ့ဒါ အင်မတန် အရေးကြီးပါတယ်။

ဒီတော့ ယခုဖြစ်နေတဲ့အခြေအနေမှာဆိုရင် လွတ်လပ်ရေးကိစ္စနဲ့ ကျွန်တော်တို့မြင်တာပြောရမယ်ဆိုရင် လွတ်လပ်ရေးဟာ ရဖို့အခြေအနေတော့ တော်တော်ကလေးများပါတယ်ဆိုတာ ကျွန်တော်ပြောချင်တယ်။ သို့ပေမဲ့လည်း ကျွန်တော်တို့ဗမာစကားလည်းရှိတယ်။ အင်္ဂလိပ်စကားလည်းရှိတယ်။ အင်္ဂလိပ်စကားကတော့ Don't hallo till you are out of the wood အရင်တစ်ခါလည်း ကျွန်တော်ပြောသွားပြီးပါပြီ။ စစ်ပွဲကြီးအတွင်းက တောကြီးမြက်မည်းအတွင်းက မထွက်မီခင် ငါတော့ ဘေးလွတ်ပြီလို့ မအော်ပါနဲ့ဆိုတဲ့ သဘောမျိုးပဲ။ အဲဒီအတိုင်းပဲ။ ကျွန်တော်က တစ်ခါခြင်္သေ့မင်း ဥပမာကို ပြောရမယ်ဆိုရင် ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ ငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့ နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးစံအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က

ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

ကျွန်တော်တို့ ဗမာတွေမှာ စောက်ကျင့်တစ်ခုရှိတယ်။ ဘာစောက်ကျင့်တစ်ခုလည်း ဆိုရင် ဒါကလည်းပဲ ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့ကြရတဲ့အတွက် ဖြစ်ချင်ဖြစ်မယ်။ ဘာလဲဆို တော့ ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဘက်ကို သွားတဲ့အခါ လှေပြိုင်ပွဲတစ်ခုရှိတယ်။ လှေပြိုင်ပွဲလုပ်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ လှေတွေပြိုင်လိုက် တာ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အသင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်း ရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်၊ ကြွားတယ်၊ တစ်ခါရှုံးတဲ့ နောက်ကနေတဲ့ လှေ ကလည်းပဲ ပန်းတိုင်မရောက်သေးဘူး။ ကြိုးစားချင် ကြိုးစားနိုင်သေးတယ်။ မကြိုးစားချင် တော့ဘူး။ ရှုံးတော့မှာပါပဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလဲဆိုရင် တကယ့်တိုင်းပြည်ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့ လူမျိုးနဲ့ ထိုက်တန်တဲ့ စိတ်ဓာတ်မျိုး မဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မယ့် စိတ်ဓာတ်မျိုး၊ ကျွန်ရဲ့ စိတ်ဓာတ်မျိုး။ ဒီစိတ်ဓာတ်မျိုးရှိနေသမျှကာလပတ်လုံး ကျုပ်တို့ ဗမာတွေ ကျွန်ဖြစ်နေရ မှာပဲ။ လွတ်လပ်ရေးရရင်လည်း မြန်မြန် ပြန်ကျွန်ဖြစ်မှာပါပဲ။ နောက်ဆုံးတစ်နေ့ မရှုံးတဲ့ တိုင်အောင် ကျွန် မဖြစ်တဲ့တိုင်အောင် ခုနကလို ဖာသည်လွတ်လပ်ရေး ဖြစ်နေမှာပဲ။ ဘာလို့ လဲဆိုရင် အကျင့်က အဲဒီလို နည်းနည်းလေးနိုင်လာတယ်၊ ရှေ့ကသာလာတယ်ဆိုရင် တက်ထောင်ချင်တဲ့ အကျင့်ရှိတယ်။ လှေတစ်စင်းဟာ အဲဒီလို ရှေ့သာလာလို့ တက်ထောင် မိတာနဲ့ ပွဲတစ်ပွဲမှာ ရှုံးကိုသွားတယ်။ အဲဒီလိုဖြစ်တယ်။

ပြီးတော့ ဘောလုံးပွဲကိုကြည့်၊ ကျွန်တော်တို့ ဗမာတွေ ဘောလုံးပွဲမှာ ကန်ကြတဲ့ အခါမှာဆိုရင် ကိုယ်က ပထမ စဂိုးသွင်းရတယ်ဆိုရင် အတော် အားတက်လာတယ်။ အား တက်လာတာနဲ့၊ ကန်တာနဲ့၊ ပြုတာနဲ့ နောက်တစ်ခါ အဲဒီလို ဖြစ်တဲ့အခါမှာ တော်တော်လေး ဂိုးလေးများလာတယ်ဆိုရင် လျှော့လျှော့ပေါ့ပေါ့ ကန်ချင်လာတယ်။ ငါနိုင်မှာပဲဆိုပြီး အဲဒါ နဲ့နေပြီး တစ်ဖက်ကနေပြီး နောက်ဆုံးအပြီးသတ်မှာ ကပ်ပြီး ပြန်ပြီးတော့ ဂိုးသွင်းသွားလို့ သရေဖြစ်ဖြစ်၊ ရှုံးတာဖြစ်ဖြစ် ဖြစ်သွားတာမျိုးလည်း ကျွန်တော်တို့ ဘောလုံးရာဇဝင်မှာ ခင်ဗျားတို့ ပြန်စဉ်းစားရင်တော့ တွေ့မှာပဲ။ ဒါတင်မကသေးဘူး၊ ဒီရှုံးသွားတဲ့ လူကလည်း ဘောလုံးကန်လို့ရှိရင် ပထမပိုင်းမှာ နာရီဝက်မှာ ရှုံးသွားရင်တော့ တော်သေးရဲ့။ ကျန်သေး တဲ့ ဒုတိယနာရီဝက်မှာ ကန်လို့ ၁၀ မိနစ်လောက်ကြာတော့ ကိုယ့်ဘက်က ဂိုးမသွင်းနိုင်ဘူး ဆိုရင် လူကိုချတယ်။ ဒါ ကျွန်တော်တို့ ဗမာဘောလုံးကန်တဲ့ ဘောလုံးပွဲ အကျင့်ပဲ။ အဲဒါ Sporting spirit မရှိဘူး၊ ဒါဘာလဲဆိုလို့ရှိရင် ဗမာတွေ စိတ်ထဲမှာ ဗမာတွေဟာ စိတ်ဓာတ် ထက်တယ်၊ ဘာညာနဲ့ တလွဲဆံပင်ကောင်းနေတယ်ဆိုတာနဲ့ အတူတူပဲ။ ဒီစကားဟာ ဒီနေ

ရာမှာ သုံးဖို့ဟာတွေပဲ။ ဗမာတွေ စိတ်ဓာတ်က မဟုတ်တဲ့နေရာမှာ သွားပြီး ကောင်းနေတယ်။ တကယ့်နေရာတွေကျတော့ အသုံးမကျဘူး။ ဗမာပြည် လွတ်လပ်ရေးရအောင်ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးလုပ်တဲ့ နေရာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာ ဗမာချင်း ချဖို့သာ လုပ်ချင်တယ်။ အဲဒါမျိုးတွေ လုပ်ချင်တယ်။ ဒါမျိုးတော့ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ ပြန်လည်မထူထောင်နိုင်ဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ မလွတ်လပ်နိုင်ဘူး။ လွတ်လပ်ရင်လည်း ဘယ်တော့မှ ကျကျနန လွတ်လပ်ရေး မဖြစ်နိုင်ဘူး။

အဲဒီတော့ကာ ကျွန်တော်တို့ အဲဒီ စိတ်ဓာတ်မျိုးကို လုံးဝဖျောက်ပစ်ဖို့လိုတယ်။ ကျွန်တော်တို့ဟာ ဘာအလုပ်ပဲလုပ်လုပ်၊ နောက်ဆုံး တစ်နေ့ပြီးတဲ့အချိန်မှာ ရှုံးမယ်ထင်တယ် ဖြစ်စေ၊ နိုင်မယ်ထင်တယ်ဖြစ်စေ၊ မလျှော့တမ်း ဇွဲနဲ့ လုပ်သွားရတယ်။ စစ်တိုက်တဲ့နေရာမှာ လည်း အဲဒီအတိုင်း သွားရမယ်။

အင်္ဂလိပ်တွေကိုကြည့်၊ အင်္ဂလိပ်တွေဟာ ကျွန်တော်တို့အပေါ်မှာ အုပ်ချုပ်နေလို့ ကျွန်တော်တို့က မုန်းပေမယ့် အင်္ဂလိပ်တွေမှာ ချီးမွမ်းစရာတွေ အများကြီးရှိတယ်။ ခုပြီးခဲ့တဲ့ စစ်ကြီးမှာ သူတို့ဘယ်လောက် အကျဉ်းအကျပ်ရောက်သလဲ၊ အဲဒီအကျဉ်းအကျပ်ထဲက နေပြီးတော့ကာ တစ်ခါတည်းကို လွတ်မြောက်လာအောင်၊ ဘယ်လောက်တစ်ခါတည်းကို အံကြိတ်ပြီးတော့ ခါးတောင်းကျိုက်ပြီးတော့ ကြိုးစားလာသလဲ၊ ဒီမှုတွေကိုကြည့်ပါ။ အခု လည်းပဲ သူတို့တိုင်းပြည်မှာ နေတာတွေကိုကြည့်။ သူတို့တိုင်းပြည်လည်းပဲ အခုလို ကျပ်ကျပ် တည်းတည်းနေရတာ လူတွေမညည်းဘူးလားဆိုတော့ ပုထုဇဉ်ဘဝ ညည်းတော့ ညည်းကြ မှာပါပဲ။ ညည်းကြတယ်၊ ညည်းပင် ညည်းငြားသော်လည်းပဲ စည်းနဲ့ကမ်းနဲ့ ညည်းကြတယ်။ စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြတယ်။ အဲဒီလို လုပ်နေကြတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ တော့ စည်းကမ်းကို ယခုအခါမှာ မရှိဘဲဖြစ်နေတယ်။ စည်းကမ်းမရှိတော့ကာ ယခု နိုင်ငံရေး လုပ်တဲ့နေရာတွေမှာ ယခုအခါမှာ နယ်ချဲ့သမား သဘောကျမယ့် အလုပ်မျိုးကို လုပ်နေတယ်။ ယခု ကျွန်တော် တိတိလင်းလင်း ပြောထားစမ်းမယ်။ ဗမာပြည်မှာ လူထုညီညွတ်ရေး၊ တိုင်း ရင်းသားညီညွတ်ရေးတွေဟာ မပြိုကွဲဘဲနဲ့ ဘယ်သူမှ ဖောက်ထွင်းလို့ မရလို့ရှိရင် နောက်ပြီး တော့ကာ လက်ဝဲသမားဆိုတဲ့ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်သည်ထက် ညီညွတ်ရင် အဲဒီအင်အားဟာ ကြီးလျှင်ကြီးသလောက် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးဟာ ပိုကောင်းလာ မယ်။ အဲဒီအင်အားဟာ ငယ်လျှင်ငယ်သလောက် ခင်ဗျားတို့ လွတ်လပ်ရေးဟာ ရတယ်။

■ ■ ■

# အာဇာနည်ဗိမာန်

- ဩော် ... အဆောင်ဆောင်နန်းတွေ ကြငှန်းတွေနှင့်နှော၊ အခေါင်မမြန်း ခင်က၊ အောင်စာတမ်းချို့စေဖို့၊ အောင်ပန်းညှို့ရှုရာတဲ့၊ တောင်တမန်း တို့ဗမာမှာ အဟောင်းသံသရာ အငုတ်တွေနှင့်၊ အောင်ဆန်းတို့ မသာမယာဟာ ငှင်းကံကြမ္မာ အလုပ်ပေထင့်၊ သောင်းမြန် မရာဏာစမုတ်မှာတော့ ချုပ်သနှင့် ယင်းအလိုတွင် (အိုကွယ်) ဒေါင်းလံ ပဝါအုပ်ပါလို့ ကျုပ်ဖြင့် သင်္ဂြိုဟ်ချင် ....။
- ဩော် – တပည့်အရင်းတွေမို့၊ ကဝိမတင်းနိုင်ဘုကွဲ့၊ သတိကင်းကာ မျက်ရည်ကျကျပြီး၊ ခက်ကပြီ လက်ဆည် မရနိုင်ဘု၊ သောက ဘလောင် ဆူတော့၊ တောင်ဇမ္ဗူပုဂံခေတ်ဆီက၊ ယခေါင်မှူ ယမန်သနစ်တွေပေ့ါ၊ ရန် အဖြစ်မကွဲ့မနှေးသနော်၊ တသောင်းဒီဇမ္ဗူ ရမ်းနေကြ၊ ကျန်ရစ်ကဲ့ မြေးတော် အလောင်းစည်သူရဲ့နန်းကိုဖြင့်၊ လူကြမ်း ခားပြတွေ ကြမ်းလာ ရမ်းလာတဲ့အရေးတွေမှ၊ ဘေးအပေါင်းကြီးစွာ ဝေဒနာအစုံနဲ့၊ သွေးချောင်း စီးကာ သေရှာပုံရဲ့ပြင်၊ ရွှေမြန်မာဘုံမှာ အမင်းမင်းသမ္မတတွေနဲ့၊ သတင်း လှတဲ့ အင်း၀ ရာဇာအမွန် သာလွန်မင်းကိုမှ၊ သားရင်းရှင်တရုတ်ကယ်က၊ ရှင်ဘုရင်လုပ်မယ် အကျယ်ဇယားတွေဖြင့်၊ ထားဝယ်သားတွေ ဗိုလ်ဝင်ခံ လို့မို့၊ ဟိုအရင်ယမန် နန်းတော်စီးစဉ်က၊ အပျက်ကြီးပျက်ကာ အသက် ခန္ဓာတွေဆုံးပုံနဲ့၊ တထုံးနောက်တနဲမှာတော့၊ မင်းရဲရန္တ မိတ်ခမျာ့မှာ ညီသနင်းပေပေ့ါ၊ ပြည်မင်းဂုဏ်ခံလို့ မှုန်မှုန်ဆန်ဆန် ပုန်ကန်တဲ့ အတိုင်းရဲ့ ပြင်၊ တလိုင်းနယ် ရွှေပြည်တစ်ခွင်မတော့၊ ဓမ္မစေတီဘုရင် လက်ထက်တုန်း ဆီက၊ လက်ရုံးရည် တသိန်လျှမ်းပေတဲ့၊ သမိန်ဗရမ်းဆိုသူ စစ်ဗိုလ်ချုပ် ကိုဖြင့်၊ မဟုတ်တရုတ် အကောင် တေလေတစ္ဆေ ကိုက်တာနဲ့၊ ဩော်.... ဖွေဖွေရှာရှာ၊ မကျေစရာပေပေ့ါနှော၊ မရေမရာသေရွာဆိုက်သလိုပေ့ါ၊ အခိုက် အခါတူလို့မို့၊ ဆရာတစ်မူ မကြာမကြာ လွမ်းရပါတဲ့၊ ဘမရာ အဆူဆူ ကြာကြငှန်းတွေနှင့်၊ မြန်မာဇမ္ဗူ အညာမန်းတွင်ဖြင့်၊ ငါတလူ ငါသရမ်း ရှော့မဟဲ့လို့၊ သာခန်းပလ္လင် ညွှန်းပြီး၊ မြင်ကွန်းပိုင် သူပုန်ထစဉ်က၊ ကြုံရသူ မသာတော်နှင့် ပမာတော် တူတယ်လို့ နှိုင်းမိတယ်၊ ရိုင်းသနဲ့ အတိတ်

ယခင်လိုနေ၁်ကွယ်၊ စကိုင်းတပ့် ဂိုဏ်းအဖွဲ့တွေနဲ့ မှိုင်းရဲ့စိတ်ထင်။

- မင်းစိတ်မင်းမာန် အကြံအဖန် တင်းလိုက်ပုံက၊ အင်္ဂလိပ်၊ ယင်းဂျပန် နှစ်တန်ရှင်းပါလို့၊ ရန်ခပင်းကိုတဲ့ မောင်းကာနှင်၊ ဒေါင်းမြန်မာတစ်ခွင်မှာ ဖြင့်၊ အထက်ယခင်သဘော၊ တကောင်းရာဇဝင်ကိုတဲ့ ဆက်ချင်သကော။
- နန်းမြို့တည်ရန်၊ မှန်းလို့ရည်ကာသန်တဲ့၊ ညီလာခံ ဗိုလ်ရှုပွဲတွင်မှ၊ ထိုထို လူခပဲကို မကြည်ညိုတဲ့၊ ဝသီအလို တဖြည်းဖြည်း ရူးမဟဲ့လို့၊ တနွေးနွေး မူးမူးပြီး ခွေးဘီလူးလို အကောင်မိုက်တွေက၊ (သြော်) အမှောင်စရိုက်ကယ် နှင့်၊ ပြောင်ပြောင်ပဲ မိုက်မပေါ့လို့၊ ဖြောင်ကိုက်သဟာမှာ ယာယီယတြာ အချိန်နဲ့ ဇာတာမှိန်လို့မို့၊ ဂနာမငြိမ် တာဝတိံသွင်းကြပေ့၊ ဖြေမကြည် နေရီတော့ လွမ်းစေဖို့၊ မြန်မာ့ပြည်ပေါ်ကို ဓမ္မစည်တော်ရွမ်းချိန်မို့၊ အစွမ်း ကုန် သည်တစ်ခါဖြင့်၊ ပြည်ရွာညီညာဖို့ အလုပ်ပေပ့၊ သုသာန်တံခွန် စောင်း ရရှာတဲ့၊ ရုပ်အကျန်ခုနစ်လောင်းရယ်နှင့်၊ အလွန်ကောင်းစွာ ကမ္ဘာတည် မည့်၊ အာဇာနည်ဗိမာန် ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန် တစ်မျိုးရယ်နှင့်၊ ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊ မြန်မာမတော့ ပူစရာဖို့ တစ်ဗျူဟာ အောင်ခမန်းတွင်မှ၊ လူမသမာ အမှောင်သန်းချိန်မို့၊ အမယ်မင်း သောင်ကမ်း မို့မို့ဆီက၊ ဖောင်နန်းကူးတို့နှင့် အကြွေဒဂုန်တည်းဟူသော ရေစုန်မျော လေရဲ့ (သြော်) ... တောင်နန်း မြောက်နန်း အဆောင်ဆောင်ကြငှန်းနဲ့၊ အခေါင်မမြန်းရခင်က အောင်ပန်းညှို့ရရှာတဲ့၊ အောင်ဆန်းတို့ သေပုံနှမြော...။

**သခင်ကိုယ်တော်မှိုင်း (နာယက)**
**ဘုရင့်ဆွေတော် မျိုးတော်အသင်း (မန္တလေး – ရန်ကုန်)**

■ ■ ■

# ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး
# ဒေါ်ခင်ကြည်၏ အမှာစကား

ကျွန်မရဲ့ ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါပြီ။

သေဆုံးတဲ့သူမှာ သေဆုံးပြီးဖြစ်၍ ကျွန်မအထူး ချဲ့ထွင်ပြီး မပြောလို တော့ပါ။ သူ့ကို တကယ်လေးစားချစ်ခင်ကြပါလျှင် သူလိုလားတဲ့ ရည်မှန်းချက် ပန်းတိုင်သို့ရောက်အောင် သူချခဲ့တဲ့ လမ်းစဉ်အတိုင်း ဆထက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်ကြဖို့ လိုပါတယ်။

ကျွန်မအတွက်ပြောရမည်ဆိုလျှင် ကျွန်မရဲ့ခင်ပွန်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ကြီးလေးတဲ့တာဝန်ကို ထမ်းဆောင်ပြီး ရှေ့ဆောင်ရှေ့ရွက် လုပ်နေတဲ့အခါ၊ ကျွန်မဟာ တိုင်းပြည်ရဲ့တာဝန်ကို ခွဲဝေထမ်းဆောင်ခဲ့တဲ့ သဘောဖြင့် နောက်မှနေပြီး သူအား အမျိုးမျိုး ပြုစုအားပေးခဲ့ပါတယ်။

ယခု သူ ကွယ်လွန်သွားတော့ သူ့ကို ပြုစုရမည့်အစား သူချခဲ့တဲ့ လမ်းစဉ်တွင် ပါဝင် နိုင်တဲ့ဘက်တွင် ပါဝင်ထမ်းပြီး သူချန်ခဲ့တဲ့ သူ့သွေး သူသား၊ မိမိရဲ့ ရင်သွေးကလေးများကို အဖေ့သားများပီပီ အဖေ့ခြေရာနင်းနိုင်အောင် ပျိုးထောင်ပေးတော့မယ်လို့ ဆုံးဖြတ်ပါတယ်။

ကျွန်မနဲ့ ကံတူ အကျိုးပေးများဖြစ်ကြတဲ့ အခြား ကျဆုံးသော ခေါင်းဆောင်ကြီးများ ရဲ့ ဇနီးသည်များဟာလည်း ကျွန်မလို ဝမ်းနည်းပက်လက်ဖြစ်ကြမှာပဲ။ ဒါပေမဲ့ ကျွန်မတို့ ဟာ သူတို့ကို ချစ်ရိုးမှန်ရင် သူတို့ချခဲ့တဲ့ လမ်းစဉ်ကို လိုက်ကြမှ ချစ်ရာကျတော့မယ်။ သူတို့

ရည်မှန်းခဲ့တဲ့ လုပ်ငန်းစဉ်ကို သူတို့ကိုယ်တိုင် မတွေ့မြင်လိုက်ကြပေမယ့် ကျွန်မတို့က အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းအားပေးကြရမှာပဲ။

လူထုသို့ ကျွန်မ ပြောလိုတာကတော့ မိမိတို့ အားကိုး ယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်စက်စွာ လုပ်ကြံမှုကြောင့် ဒေါသထွက် စိတ်ဆိုး၍ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုကို ရှောင်ကြဉ်၍ သူချခဲ့သော လမ်းစဉ်အတိုင်း တစ်သွေမတိမ်းလိုက်နာဆောင်ရွက်ကြပါ။ သူပျိုးထောင်ခဲ့သော ဖဆပလ အဖွဲ့ချုပ်ကြီးကို ဆထက်ထမ်းပိုးအားပေးထောက်ခံကြပါ။ သူရည်မှန်းခဲ့တဲ့ လုံးဝလွတ်လပ်ရေးကို မရမနေ ကြိုးပမ်းကြပါလို့ပဲ နောက်ဆုံး မှာလိုပါတယ်။

*ဟံသာဝတီ သတင်းစာ*

*. . . ဇူလိုင်၊ ၁၉၄၇ မှ ကောက်နုတ်ဖော်ပြပါသည်။*

■ ■ ■

# အာဇာနည်နေ့
**(ဒီစကား ၆၈)**

အာဇာနည်နေ့ ကဗျာများအနက် ကျွန်မ အနှစ်သက်ဆုံး ကဗျာတစ်ပုဒ်ကတော့ ဆရာဇော်ဂျီ ၁၉၆၄ ခုနှစ်က ရေးခဲ့တဲ့ "ပြောလိုက်ပါဘိ၊ ဟောပါဘိ" ဖြစ်ပါတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ဆက်ထားတဲ့ ကဗျာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် အာဇာနည်နေ့က ကျွန်မတို့ ပြည်သူ၊ ပြည်သားများရဲ့ ခံစားမှုကို စပ်ဆိုထားပုံမှာ ကဗျာဖတ်သူပါ ဝိုင်းဝန်းခံစားနိုင်လောက် အောင် ထိမိပါတယ်။

ထိုနေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခသတင်း၊ မိုးကြိုးခွင်းလို့
အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိမျက်နှာ၊ ညှိုးကျုရှာသည်
ရွာဦးပိုင်းမှ သင်္ချိုင်းထိ.......

ဆရာဇော်ဂျီက အတိတ်အတွက် လွမ်းဖို့၊ ဆွေးဖို့ကိုသာ ကဗျာကို စပ်ဆိုခဲ့တာ မဟုတ်ပါဘူး။ ခေတ်လူငယ်များ အနာဂတ်အတွက် ဘယ်လိုမျှော်မှန်းသင့်တယ်ဆိုတာကိုပါ လမ်းညွှန်ပေးခြင်း ဖြစ်ပါတယ်။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌
တိုင်းချစ်ပြည်ခင်၊ မြတ်စေချင်၏
မင်းမြင်ငါကြား၊ စကားဥဒါန်း
ဆန်း၏သတ္တိ၊ ဆန်း၏ သမာဓိ
ဆန်း၏ပညာ၊ ဆန်းမှာဆုံပေါင်း
ယောကျ်ားကောင်းတို့၊ ခေါင်းဆောင်သဘော
မင့်သားချောကို
ပြောလိုက်ပါဘိ၊ ဟောပါဘိ။

အာဇာနည်ခေါင်းဆောင်များ ရှိသင့်တဲ့ အရည်အချင်းတွေကို ထောက်ပြထားပါတယ်။ တိုင်းပြည်ကို ချစ်ခင်ပြီး မြင့်မြတ်တဲ့ လူငယ်များ ဖြစ်လာစေဖို့ သတ္တိ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံအောင် ကြိုးစားကြရပါမယ်။ ကြိုးစားတယ်ဆိုတာကလည်း တစ်ရက်၊ တစ်လ၊ တစ်နှစ် လောက်မဟုတ် အသက်ထက်ဆုံး ဖြစ်ပါတယ်။ ကလေးဘဝက လူငယ်အရွယ်ရောက်သည်အထိ လူငယ်က တစ်ဖန် လူလတ်၊ လူကြီး။ တကယ်တော့ အဘိုးအို၊ အဘွားအိုဖြစ်သည့်တိုင်အောင် ဆက်လက်ကြိုးစားနေကြရမှာပါ။

အာဇာနည်တွေဆိုတာ လောကီရေးရာတွေမှာသာမက လောကုတ္တရာအရလည်း ရှိကြပါတယ်။ ဒါကြောင့် အရွယ်မရွေး အာဇာနည်စိတ်ဓာတ်၊ တစ်မျိုးပြောရရင် မေတ္တာအရင်းခံတဲ့ သတ္တိ၊ သမာဓိ၊ ပညာတို့ကို တွဲပြီး အများအကျိုးအတွက် စွန့်စားရဲတဲ့ စိတ်ဓာတ်တွေကို ပြုစုပျိုးထောင်တဲ့ နေရာမှာ မိဘဆရာတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။

ငယ်ငယ်က သင်ခဲ့ရတဲ့ သင်ခန်းစာတွေဟာ တစ်သက် စိတ်ထဲ၊ နှလုံးထဲမှာ စွဲသွားတတ်ပါတယ်။ ကျွန်မတို့ နိုင်ငံလို ဆယ်စုနှစ်နဲ့ချီပြီး ဆင်းရဲခဲ့ရတဲ့ တိုင်းပြည်မှာ လူကြီးမိဘတွေက ရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို အလေးပေးသင်ကြားကြတာဟာ မထူးဆန်းပါဘူး။ ဒါပေမယ့်လည်း ကျွန်မတို့ရဲ့ ယဉ်ကျေးမှုအရ အာဇာနည်စိတ်ဓာတ်ကို တန်ဖိုးထားမှုကတော့ ရှိနေဆဲပါပဲ။ အာဇာနည်စိတ်ဓာတ် အစစ်ဟာ ဘာဆိုတာကိုသာ သိကြဖို့ လိုပါတယ်။ ၁၉၆၈ ခုနှစ်မှာ ဆရာဇော်ဂျီရေးခဲ့တဲ့ "အာဇာနည်နေ့ဆန္ဒ" ကဗျာထဲမှာ တိုင်းကျိုးလိုလို၊ ဘာလိုလိုနဲ့ ကိုယ်ကျိုးကိုသာ ပိုက်ထားတဲ့ ဒေါသအမိုက်တွေကြောင့် အာဇာနည်များ ကျဆုံးခဲ့ရတာကို ထောက်ပြထားပြီး ဩဝါဒပေးတာက–

ငှဲညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းကပြန်ပြောင်း၊ မင့်သားကောင်းကို
အကြောင်းစုံသိ၊ မင့်ဝန်ရှိ၏
ရှိပါကတဲ၊ သူ့စိတ်ထဲ၌
တိတ်စွဲသောက၊ စွဲဒေါသသို့
မကြွစေချင်၊ ပြေစေချင်၏
ပညာအသိ၊ သတိဖြစ်ရေး
အတွေးမှန်ကန်၊
နိုင်ငံလူထု ကိုသာရှု၍
ပြုစေချင်၏ ပြုပါဘိ။

ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်တပည့်သားရင်းတွေကို ခက်ခဲတဲ့ အာဇာနည်လမ်း

လျှောက်လမ်းနိုင်စေမယ့် စိတ်ဓာတ်တွေ သွင်းပေးကြရပါမယ်။ အဲဒီလို စိတ်မျိုးဟာ အမုန်တကယ်ကို တစ်ဘဝအတွက် သုံးမကုန်တဲ့ အမွေအနှစ်ဖြစ်သွားမှာပါ။ တကယ်တော့လည်း အာဇာနည်စိတ်ဓာတ်ဆိုတာ ရိုးရိုးလေးပါပဲ။ အမုန်တရားဘက်က မေတ္တာ၊ သတ္တိနဲ့ ရပ်တည်ခြင်း၊ အာဇာနည်ဆိုတာ ရဟန္တာမဟုတ်တော့ မှားကောင်းမှားမိပေမယ့်လည်း ဆက်လက်ပြီး မေတ္တာ၊ သတ္တိနဲ့ ဘဝကို ရင်ဆိုင်သွားခြင်းတို့ပါပဲ။

ဒီအပတ်တော့ ဒီမျှသာ....။

**အောင်ဆန်းစုကြည်**

ဇူလိုင် ၂၀၁၃

ဒီလှိုင်းစာစောင် အတွဲ ၂၊ အမှတ် ၂၇။ (၁၅-၇-၂၀၁၃)

■ ■ ■

# ဂန္ဒီမြင်သော ဂျင်နရယ်အောင်ဆန်း

မြန်မာနိုင်ငံလည်း အိန္ဒိယကဲ့သို့ လွတ်လပ်ရေးရတော့မည်။ မြန်မာနိုင်ငံခေါင်းဆောင် ဂျင်နရယ်အောင်ဆန်းသည် ခေတ်သစ်မြန်မာနိုင်ငံကို မွေးဖွားသူဖြစ်ပြီးလျှင် မြန်မာနိုင်ငံကို လွတ်လပ်ရေးတံခါးဝ၌ ထားပစ်ခဲ့သည်။ ဂျင်နရယ်အောင်ဆန်းသည် သူရဲကောင်းလုလင် ဖြစ်သည်။ သူ့ကြောင့် ယနေ့မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မည်။ လက်နက်ကိုင်တစ်စုက သူနှင့်သူ့ရဲဘော်များကို လုပ်ကြံသတ်ဖြတ်လိုက်သည်။ ယင်းမှာ သေးငယ်သော အဖြစ်အပျက် မဟုတ်ပေ။ မြန်မာနိုင်ငံသည် ကျွန်ုပ်တို့နှင့် ဘယ်လောက်ပင်ဝေးဝေး ယင်းအဖြစ်အပျက်သည် ကျွန်ုပ်တို့အတွက် စိတ်မချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။ အကယ်၍ ယင်းအဖြစ်အပျက်မျိုး ဖြစ်ပျက်နေခဲ့သော် ကမ္ဘာကြီး၏ အခြေအနေ ဘယ်လိုဖြစ်သွားမည်နည်း။ မြန်မာနိုင်ငံတွင် ကျွန်ုပ်အတော်ကြာအောင် နေခဲ့ဖူးသည်။ ရန်ကုန်၊ မန္တလေးမြို့များ အားလုံးလိုလို ကျွန်ုပ် ရောက်ဖူးသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသည့် နိုင်ငံဖြစ်သည်။ မြန်မာပြည်သူ ပြည်သားတို့သည်များသောအားဖြင့်ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသူများဖြစ်သည်။ ဗုဒ္ဓဘာသာ ထွန်းကားသည့်နိုင်ငံ၌ ဘာကြောင့် ယခုလို သွေးထွက်သံယိုအဖြစ်မျိုး ပေါ်ပေါက်လာရသနည်း။ လွတ်လပ်ရေးတံခါးဝ၌ ခြေချနေစဉ် ယခုလို ဖြစ်ရသည်မှာ အလွန်တရာ ဝမ်းနည်းဖွယ် ကောင်းသည်။

အိန္ဒိယသည် မြန်မာနိုင်ငံတွင် ဖြစ်ပျက်သော အဖြစ်အပျက်မှ သင်ခန်းစာယူလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ အကြောင်းမူကား ယင်းအဖြစ်အပျက်သည် မြန်မာနိုင်ငံအတွက် မျှသာမက အရှတိုက်တစ်ခုလုံးအတွက် ကြေကွဲဝမ်းနည်းဖွယ် အဖြစ်ဆိုးတစ်ရပ် ဖြစ်သောကြောင့်တည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လွတ်လပ်ရေးအတွက် ဗျာများနေသော မြန်မာပြည်သူပြည်သားတို့အား ယခုလို ပူဆွေးဒုက္ခရောက်နေချိန်၌ နှစ်သိမ့်မှု ပေးပါစေရန်လည်းကောင်း၊ ကွယ်လွန်သူ ခေါင်းဆောင်များ၏ မိသားစုများအား သောကပရိဒေဝခံနိုင်စွမ်း ရှိအောင် စွမ်းရည်သတ္တိပေးပါစေဟူ၍လည်းကောင်း ကျွန်ုပ်တို့ ဆုတောင်းပတ္ထနာ ပြုလိုက်ပါသည်။

**၂၀-၇-၄၇ ခုနှစ်တွင် ပြုလုပ်သော ဆုတောင်းပတ္ထနာပွဲမှ ဂန္ဒီ၏ ဆုတောင်းစကား**

**ပါရဂူ၏ "ကျွန်ုပ်၏ ခေတ်ပြိုင်များမှ"**

■ ■ ■















# အာဇာနည်ခေါင်းဆောင်များ ကျဆုံးပြီး ထုတ်လွှင့်သည့် သခင်နု မိန့်ခွန်း

*ဗိုလ်ချုပ်တို့ ကျဆုံးပြီးနောက် သုံးရက် (၂၂ ဇူလိုင် ၁၉၄၇) မှာ ပြောကြားတဲ့ သခင်နုရဲ့ အသံလွှင့်မိန့်ခွန်းထဲက အာဇာနည်ကြီးများအပေါ် သဘောထားအမြင်များဖြစ်ပါတယ်။ သခင်နုတစ်ယောက်တည်း ပြောပေမယ့် အဲဒီအချိန်က ဖဆပလ ခေါင်းဆောင်ကြီးများရဲ့ သဘောထားများ အမြင်များလည်း ဖြစ်ပါတယ်။*

**ဗိုလ်ချုပ်အောင်ဆန်း**

ဗိုလ်ချုပ်အကြောင်းဆိုလျှင် တစ်တိုင်းတစ်ပြည်လုံး ကောင်းကောင်းသိတာပဲ။ ကျွန်တော် ထပ်ပြီး ဖော်ပြနေစရာ မလိုသလောက်ပါပဲ။ ဒါပေမဲ့ နည်းနည်းတော့ ကျွန်တော်ပြောချင်သေးတယ်။ ဗိုလ်ချုပ်ရဲ့ ဖြူစင်တဲ့ စေတနာ၊ တည်ကြည်တဲ့ သမာဓိတွေကို အားကိုးနဲ့ ကျွန်တော်တို့ရဲ့ တစ်သက်မှာဖြင့် တစ်ခါမှ မကြုံဖူးအောင် တစ်တိုင်းတစ်ပြည်လုံးဟာ ထူးထူးကဲကဲကြီး စည်းလုံးညီညွတ်လာပါတယ်။ ရှမ်း၊ ချင်း၊ ကချင် အစရှိတဲ့ တောင်ပေါ်

သားများဆိုလျှင်လည်း အခြားအရှိန်တွေနဲ့ ဗိုလ်ချုပ်ရဲ့ အရှိန်ကြောင့် ဗမာတွေနဲ့ ပိုမိုရင်းနှီး စည်းလုံးလာခဲ့ကြပါတယ်။ ကရင်တွေဆိုရင်လည်း ဗိုလ်ချုပ်ကို ပုဂ္ဂိုလ်စွဲနဲ့ ကြည်ညို ယုံကြည်တာက အစပြုပြီး ဗမာတွေနဲ့ ပိုမိုရင်းနှီး သွေးစည်းခဲ့ကြပါတယ်။ ဗမာလူထုဆိုတာ ကတော့ အထူးပြောစရာ မလိုဘူး၊ လူထုနဲ့ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နဲ့ လူထုဆိုတာ ခွဲမရလောက် အောင်ပင်ဖြစ်ခဲ့ရပါတယ်။ အမှန်စင်စစ် အဲ့ဒီလို ရှင်ခွဲ ခွဲလို့မရလို့ သေကွဲကွဲအောင် ဒီလူယုတ် မာတွေက ဗိုလ်ချုပ်ကို သေကြောင်းကြံကြတာပါပဲ။ အဲ့ဒီလောက်အထိ ဗိုလ်ချုပ်ရဲ့ အရှိန်ကို ခိုပြီး တစ်နိုင်ငံလုံး စည်းလုံးခဲ့ပါတယ်။ နှစ်ပေါင်း ၂၀၀၀ ကျော်ရှိတဲ့ ဗမာ့ရာဇဝင် တစ်ခုလုံး ကို လှန်လှောရှာဖွေလိုက်ရင် ဗမာတွေ ဒီလိုစည်းလုံးခဲ့တာမျိုးဟာ

(၁) ဘုရင်အနော်ရထာမင်းစော လက်ထက်မှာ တစ်ကြိမ်။

(၂) ဘုရင့်နောင် လက်ထက်မှာ တစ်ကြိမ်။

(၃) အလောင်းဘုရား လက်ထက်မှာ တစ်ကြိမ်။

(၄) ဆင်ဖြူရှင် လက်ထက်မှာ တစ်ကြိမ်။ အဲ့ဒီလေးကြိမ်ပဲ ရှိခဲ့ဖူးပါတယ်။

**သခင်မြ**

ရိုးသားတယ်၊ တည်ကြည်တယ်၊ ဖြောင့်မတ်တယ်၊ သဘောကောင်းတယ် အစရှိတဲ့ ဂုဏ်ပုဒ်တွေကိုတော့ တိုင်းပြည်အသိပါပဲ။ ဒါပေမဲ့ လူရင်းတွေလောက်သာသိပြီး တိုင်းပြည် က ကောင်းကောင်းမသိသေးတဲ့အချက်တွေလည်း ရှိပါသေးတယ်။ ကျွန်တော်တို့ အထဲမှာ ဖြင့် ပေါ်လာတဲ့ကိစ္စတိုင်းကို ခပ်အေးအေးစဉ်းစားဝေဖန် ဆုံးဖြတ်တဲ့သူဟာ သခင်မြပါပဲ။ ဗိုလ်ချုပ်တို့၊ ကျွန်တော်တို့ ရှူးရှူးရှားရှားဖြစ်ပေမယ့် သခင်မြဟာ ဘယ်တော့မှ ရှူးရှူး ရှားရှားမဖြစ်ဘူး။ အဲ့ဒီတော့ အရေးကြီးတဲ့ ဆုံးဖြတ်ချက် တစ်ခုခုကို လုပ်စရာရှိရင် သခင်မြ ခေါင်းညိတ်မှ ဒီဆုံးဖြတ်ချက်ဟာ ချမှတ်လို့ပြီးတယ်။ သခင်မြက ဒီလိုခေါင်းညိတ်လိုက်မှ လည်း ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ဟာ အလွန်အကျွံတွေ မပါဘူး။ အတိမ်းအစောင်း မဖြစ် နိုင်ဘူးလို့ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ယုံကြည်ယူဆတယ်။ သခင်မြဟာ ပုံပန်း သဏ္ဍာန်အားဖြင့် ခပ်အေးအေးခပ်နုနုပင် ဖြစ်ပေမယ့် ဘယ်လောက်ကြမ်းတဲ့ ဆုံးဖြတ်ချက် ကိုပဲချချ သခင်မြ မလိုက်နာနိုင်တာ မရှိဘူး။

**ဦးဘချို**

ကျွန်တော် ကောလိပ်မှာ ပညာသင်နေတဲ့ အချိန်ကစပြီး ဆရာသမားအရင်း အဖြစ်နဲ့ ကိုးကွယ်ခဲ့ပါတယ်။ ကျွန်တော့်ကို အကြောင်းပြုပြီး ဗိုလ်ချုပ် အစရှိတဲ့ ကျွန်တော်တို့ ရဲဘော်

တစ်စုဟာလည်း ဦးဘချိုကို ဆရာသမားအဖြစ်နဲ့ အမှတ်ထားကြပြီး ဆရာလို့ပဲ ရိုရိုသေသေ ခင်ခင်မင်မင် ခေါ်ကြပါတယ်။ ဆရာချို ကျန်းမာရေးချို့တဲ့ပြီး အတော်ပဲ အားအင်ချည့်နဲ့နေပေမယ့်လည်း ကျွန်တော်တို့ တပည့်တွေအပေါ်မှာ သံယောဇဉ်ငြိပြီး ကျွန်တော်တို့ ကြိုးပမ်းမှုတွေတိုင်းမှာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပါလာခဲ့ပါတယ်။ ဆရာချိုကို အားအကိုးရဆုံးကိစ္စကတော့ တခြား ဟာမဟုတ်ဘူး။ ဗမာ့နိုင်ငံရေးမှာ ကွက်ကျော်တွေ ကလိန်ခြံုတွေကို ရှင်းပြတဲ့ နေရာမှာဖြင့် သူမတူအောင် ရှင်းလည်း ရှင်းပါတယ်။ အားကိုး ရလောက် အောင်လည်း မှန်ပါပေတယ်။

## မန်းဘခိုင်

ကရင်အမျိုးသားတွေထဲမှာ ဗိုလ်ချုပ်နှင့်တကွ ကျွန်တော်တို့ အယုံကြည်ဆုံး အားအကိုး ဆုံး ကရင်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးလို့ ဖဆပလသာ အစိုးရဖွဲ့နိုင်ရင် မန်းဘခိုင်ကို ဒုတိယ နန်းရင်းဝန်ခန့်မယ်ဆိုတာ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးတိုင်းမှာ လိုလို ဗိုလ်ချုပ် မကြာခဏ ထုတ်ဖော်ပြောခဲ့ဖူးပါတယ်။ ဗိုလ်ချုပ်ဟာ စေတနာမရှိဘဲ ဘယ်သူ့ကိုမှ လောကွတ်ပြောတဲ့ လူစား မဟုတ်ဘူးဆိုတာ တစ်နိုင်ငံလုံး အသိပဲ။ အဲ့ဒီတော့ မန်းဘခိုင်ကို ဘယ်လောက် ကြည်ညိုလို့၊ ဘယ်လောက် စေတနာထားလို့၊ ဘယ်လောက် အားကိုးလို့ ဒီစကားကို ခဏခဏ ထုတ်ပြောတယ်ဆိုတာ အပုံကြီး ရှင်းပါတယ်။ မန်းဘခိုင်ဟာ ပြောစရာရှိရင်လည်း ဘွင်းဘွင်းသမားဆို တော့ ဘွင်းဘွင်း ကြိုက်တဲ့ ဗိုလ်ချုပ်နဲ့ သိပ်တည့်တာပေါ့။ ကရင် ဗမာရဲ့ နောင်ရေးကိုလည်း အမြင်ကျယ်ကျယ် ထားပြီးတော့ ကောင်းမယ်မှန်မယ် ထင်တာကို ဘယ်သူ့ကိုမှ အားနာခြင်း၊ ကြောက်လန့်ခြင်း၊ ကိုယ်ကျိုးငဲ့ခြင်း မရှိဘဲ တည့်တည့်မတ်မတ် ဆောင်ရွက်လေ့ရှိပါတယ်။

## မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း

ကျွန်တော်နဲ့ဆိုရင် ဂျပန်ခေတ်ကတည်းက အလွန်ပဲ ခင်မင်ရင်းနှီးခဲ့ပါတယ်။ ရှမ်း–ဗမာ သွေးစည်းညီညွတ်ရေးကို အထူး စိတ်ဝင်စားရုံသာမကဖြစ်မြောက်အောင်လည်း လူပန်းစိတ် ပန်းခံကာ ကြိုးစားခဲ့သူ တစ်ဦးဖြစ်ပါတယ်။ စော်ဘွားကြီးရဲ့ စိတ်ထားကောင်းခြင်း၊ တည် ကြည်ဖြောင့်မတ်ခြင်းတို့ကြောင့် ရှမ်းလူထုရဲ့ အကြည်ညိုကိုလည်း အများဆုံးခံရသူတစ်ဦး ဖြစ်ပါတယ်။

**ဆရာကြီး ရာဇတ်**

မန္တလေးက နိုင်ငံရေး၊ တော်လှန်ရေးတို့မှာ စွမ်းစွမ်းတမံလုပ်ခဲ့တဲ့ လူငယ် လူရွယ်တွေ မှန်သမျှ သူ့တပည့်တွေသာ များတာပဲ။ ဖဆပလ အပေါ်မှာ သစ္စာအရှိဆုံး ပုဂ္ဂိုလ်တွေထဲမှာ ဆရာကြီးရာဇတ်လည်း တစ်ဦးအပါအဝင်ပဲ။

**ဦးဘဝင်း**

ကျွန်တော်နဲ့ ကောလိပ်မှာ နေစဉ်ကတည်းက ကျောင်းနေဖက်ဖြစ်တယ်။ နိုင်ငံရေးမှာ လုပ်သက်တယ်ပြီး မကြာသေးပေမယ့် သူရဲ့ အရည်အချင်း၊ သူ့ရဲ့ ရိုးသားဖြောင့်မတ်တဲ့ ဂုဏ်တွေကြောင့် သူလုပ်သွားခဲ့တဲ့ ဝန်ကြီးနေရာမှာ ခန့်ထားဖို့ ဗိုလ်ချုပ်နဲ့ ကျွန်တော် မေမြို့မှာ တွေ့တုန်းက ကျွန်တော်ကပဲ အကြံပေးခဲ့တယ်။

■ ■ ■

# ပြောလိုက်ပါဘိ ဟောပါဘိ

ငှဲညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သက်လှယ်၊ မင့်သားငယ်သည်
သက်နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။

သူသုံးနှစ်သား၊ ဖော်ချင်းများနှင့်
အူယားဖားယား
ကစားရာမှ၊ နွားရုပ်ချ၍
နတ်ကျသည့်သွင်၊ မယ့်ရင်ခွင်သို့
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို
ငါမြင်ခဲ့၏ မှတ်မိ၏။

မိုးကစိုစို၊ ကျီးအုပ်ပြို၍
ထိုမှ၌မှ၊ တို့လမ်းမတွင်
ပုံကြဲဝဲကြဲ၊ ငရဲထသို့
အုံကြွမြည်အာ၊ မသာယာကို
ငါကြားခဲ့၏ မှတ်မိ၏။

ထိုနေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏

မြေခသတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်
ရွာဦးပိုင်းမှ သင်္ချိုင်းထိ။

ငှဲညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌
တိုင်းချစ်ပြည်ခင်၊ မြတ်စေချင်၏
မင်းမြင်ငါကြား၊ စကားဥဒါန်း
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ
ဆန်းမှာဆုံပေါင်း၊ ယောကျ်ားကောင်းတို့
ခေါင်းဆောင်သဘော၊ မင့်သားချောကို
ပြောလိုက်ပါဘိ ဟောပါဘိ။

**ဇော်ဂျီ**

■

# အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့

သူသာရှိလျှင်
သူ၏နိုင်ငံ၊ ကြမ္မာကံကို
စီမံလိမ့်မည်၊ ဖန်တီးမည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ ပြည်ဖွား၊ ဆင်းရဲသားတို့
စားဝတ်နေမှု၊ ကျန်းမာမှုနှင့်
သိမှုတတ်မှု၊ ယဉ်ကျေးမှုကို
ဂရုစိုက်မည်၊ စောင့်ရှောက်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ ဉာဏ်စွမ်း၊ ကိုယ့်အစွမ်းသည်
သူ့ဝမ်းသူ့ခါး၊ သူ့မယားနှင့်
သူ့သားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည့်၊ သူ့တိုင်းပြည်တွက်
သူ့ပြည်နေရာ၊ သူ့ကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်
အားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ အသက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်တွင်း၊ တသွေးချင်းတို့
စစ်ခင်းသည့်ပွဲ၊ ပြီးပြတ်စဲလို့
လက်တွဲလက်ချိတ်၊ ညီနောင်စိတ်ဖြင့်
ပွဲတိတ်စေမည်၊ ဖြေရှင်းမည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

အရဏ်တက်တွင် တိုက်ပွဲဝင်ခိုက်
သူလျှင်ကျဆုံး၊ တစ်ပြည်လုံးက
ယူကျုံးမရ၊ ဖြစ်ခဲ့ရလည်း
သူက ရှေ့ဆောင်၊ မီးတန်ဆောင်သည်
ထွန်းပြောင်နေဘိ၊ လင်းတုန်းရှိ၍
သူ၏ကိုယ်စား၊ သူ့စိတ်ထားက
ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

**တင်မိုး**
**ပန်းစျေးခင်း (၁၉၆၇ ခုနှစ်) မှ**

■

# ဘဝပုံသဏ္ဍာန်နှင့် ပထမအရွယ်

အင်္ဂလိပ်ကိုလိုနီခေတ်အခါတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သူများကို နိုင်ငံရေးသမားဟု နားလည်ကြသည်။ သူတို့သည် အဆင်းရဲ အနစ်နာခံ၍၊ ကိုယ်ကျိုးစွန့်လွှတ်၍ နိုင်ငံရေးဆောင်ရွက်ကြသူများ ဖြစ်ကြသည်။ သူတို့တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်အတွက် ဘွဲ့များရရှိသော်လည်း အများအတွက်၊ တိုင်းပြည်အတွက် လုပ်ကြရ၍ အသက်မွေးဝမ်းကျောင်းမှုအတွက် အလုပ်မလုပ်ရဘဲ လခစားဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်း မရှိဘဲ အဆင်းရဲခံကာ အငတ်ငတ် အပြတ်ပြတ်ဆောင်ရွက်ကြရသည်။ ဝေးဝေးမကြည့်ပါနှင့်၊ ကိုအောင်ဆန်းကို ကြည့်ပါ။ ကိုအောင်ဆန်းသည် ဘွဲ့နှစ်ထပ်ရသူဖြစ်သည်။ ဝိဇ္ဇာနှင့် ဥပဒေဘွဲ့ရသူဖြစ်သည်။ (ကိုအောင်ဆန်း ဥပဒေဘွဲ့ ကုန်ဆုံးအောင် သင်သလား၊ မသင်သလား ကျွန်တော် မမှတ်မိပြီ) လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းသည် ညစာ စားရန် ပိုက်ဆံမရှိသဖြင့် ဗယာကြော်နှစ်ပြားဖိုး ဝယ်စားပြီး ရေသောက်ကာ အိပ်လိုက်ရသည်ဟူသော လွမ်းစရာ ပုံပြင်လေးကို အားလုံး ကြားဖူးကြပေမည်။ ပုံပြင်ဟု ပြောရသည်မှာ အခြားကြောင့်မဟုတ်။ ယနေ့တွင် ကြီးပြင်းလာသောသူများ နိုင်ငံရေးသမား၏ ရုပ်ပုံလွှာကို သိချင်မှ သိကြပေလိမ့်မည်။ သူတို့၏ စိတ်ထဲတွင် နိုင်ငံရေးသမားဟူသော ရုပ်ပုံလွှာမှာ တစ်မျိုးဖြစ်ချင်ဖြစ်ပေလိမ့်မည်။

နိုင်ငံရေး ဆိတ်သုဉ်းသော ဂျပန်ခေတ် ကာလတွင်ကား နိုင်ငံရေးသမားပုံသဏ္ဍာန်မှာတစ်မျိုး။ ဖက်ဆစ်ခေတ်ဖြစ်၍ နိုင်ငံရေးသမားများကို စင်မြင့်ပေါ်တွင် တွေ့ရမည်မဟုတ်။ နိုင်ငံရေးသမားတို့သည် လျှို့ဝှက်၍သာ ဆောင်ရွက်ကြရသည်။ မြေအောက်လုပ်ငန်းသို့မဟုတ် မြေအောက်တော်လှန်ရေးဟူ၍ ခေါ်ကြသည်။ ယင်းခေတ်ကာလတွင်

သခင်အောင်ဆန်းမှာ မလွဲမရှောင်သာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာခဲ့ရသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့တပ်မတော်၊ ဗမာ့မျိုးချစ်တပ်မတော်၏ စစ်သေနာပတိ၊ အစိုးရအဖွဲ့၏ စစ်ဝန်ကြီးဖြစ်လာရသည်။ တစ်နည်းဆိုရသော် သူသည် နိုင်ငံရေး ရာထူးဆောင်ရွက်သောသူဖြစ်လာရသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ပြီးသောအခါ အင်္ဂလိပ်အစိုးရက တပ်မတော်အကြီးအကဲ ရာထူးပေးသော်လည်း လက်မခံဘဲ ဖဆပလ ဥက္ကဋ္ဌအဖြစ်သာ ဆောင်ရွက်သည်။ လွတ်လပ်ရေးရခါနီး ယာယီအစိုးရအဖွဲ့ဝင်ဖြစ်သွားသောအခါမှ ဘုရင်ခံ၏ ဝန်ကြီးအမှုဆောင်အဖွဲ့ (ဝါ) ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်သူဖြစ်သည်။

ယင်းသို့ ဖြစ်ရခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူတို့က ချစ်ကြသောကြောင့်ဖြစ်သည်။ ပြည်သူတို့က လိုလားနှစ်သက်ကြသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံရေးသမားတို့၏ ဘဝပုံသဏ္ဌာန်မှာ ပြည်သူနှင့် ဆက်စပ်နေပေသည်။

**ဒဂုန်တာရာ**

**သမ္မာဒိဋ္ဌိဝနှင့်နုပျိုသောစာပေ အနုပညာဘဝ မှ**

■ ■ ■